ညောင်ကောက်ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ကောက်ကျေးရွာ၊ ပင်းတယမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ညောင်ကောက်ကျေးရွာ အရင်းအမြစ်ပြဓြေပုံ၊ ပင်းတယမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်မှီးအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၁၅
ကျသော ချိတ်ဆက်မှုများ
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၈
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်း ၆၂ များ၊အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၃

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲ ထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား ပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ကောက်ကျေးရွာ
ပင်းတယမြို့နယ်

ညောင်ကောက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊



ရည်ညွှန်း - ညောင်ကောက်ကျေးရွာ၊ ပင်းတယမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ် ခြင်းမှ ရယူသည်။ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် အောင်ပန်းမြို့နှင့် ပင်းတယမြို့နယ် ကားလမ်းဘေးတွင် တည်ရှိပါသည်။ ပင်းတယမြို့မှ (၈)မိုင်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ (၄၀၀၀) အမြင့်တွင် တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ သက်တမ်းရင့် ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်တွင်တည်ရှိ၍ ညီညာ ပြန့်ပြူးခြင်း မရှိပါ။ ရာသီဥတုမှာ စွတ်စိုသော မုတ်သုန်ရာသီဥတုဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ လယ်မြေ (၄၀၀) ဧက၊ ယာမြေ ၄ဧကနှင့် ဥယျာဉ်လက်ဖက်စိုက်ခြံ(၂၂၂.၅)ဧက၊ အိမ်ခြံဝန်း စိုက်ခင်းမြေများ ပိုင်ဆိုင်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားကိုးပြီးလုပ်ကိုင်ကြပါသည်။ ပန်ဘိန်းချောင်းမှ စီးဆင်းသော စိမ့်စမ်းရေကို လယ်ဧက (၁၀၀) ဧကမှ ဆောင်းရာသီတွင် ရေရရှိပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု (၁၄၀)စုရှိပြီး လူဦးရေ စုစုပေါင်း (၆၁၁)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၄-၅)ဦးအထိရှိပါသည်။ အသက် (၁၅)နှစ်မှ (၆၀) နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၈%) ရှိပြီး ၊ (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦရေစုစုပေါင်း(၃၂%) သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရ လုပ်ငန်းများမှာ စပါး၊ လက်ဖက်လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ကို ကျေးရွာသူရွာသားများကိုယ်တိုင် သတ်မှတ်သည်မှာ ချောင်လည်အဆင့်မိသားစု (၁၁.၄%)၊ အလယ်အလတ်အဆင့် (၁၈.၆%)၊ ဆင်းရဲအဆင့် (၄၂.၁%)နှင့် အလွန်ဆင်းရဲအဆင့် (၂၇.၉%) ဖြစ်ပါသည်။ ဥစ္စာဓန အဆင့်ခွဲခြားမှုအား မြေယာပိုင်ဆိုင်မှုဖြင့် အဓိကတိုင်းတားနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု (၃၀) စုတို့၏ ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာ (၄၃.၃%) သောမိသားစုများသည် သုံးလအောက်သာ ဝမ်းစာကို အချေးအငှားဘဲ စားသောက်နိုင်ပြီး၊ (၅၆.၇%)သောမိသားစုများမှာ ခြောက်လမှ တစ်ဆယ့်နှစ်လအထိ ဖူလုံပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများ ပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃)အိမ်ရှိပြီး ၄င်းအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်သူများထဲတွင် နေ့စားအလုပ်လုပ်ကိုင်ကြသူများ ဖြစ်ကြပါ

သည်။ သီးနှံစိုက်ပျိုးရေးတွင် ဓာတုဆေးဝါးများ အလွန် အကျွံသုံးစွဲမှု၊ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုမှာ ကျေးရွာအတွက်ထိခိုက်လာနိုင်မည့် အန္တရာယ်များပင်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရောဂါကြီးကြီးမားမား ဖြစ်ပွားမှုမရှိပါ။ သွေးတိုး၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောခြင်းများသာ ဖြစ်ပွားတတ်သည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေး ပြဿနာ ကြီးကြီးမားမားမရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာစားသုံးရေး၊ အရက်သေစာ သောက်သုံးခြင်း၏ အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေးအသိများ တိုးပွားရန်လိုအပ်မည်ဟု ကျေးရွာလူထု၏ နေထိုင်မှုပုံစံများကို လေ့လာခြင်းဖြင့်သိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏ ၁.၆% ရှိပြီး မူလတန်းပညာပြီးဆုံးအောင်သင်ယူမှု ၆၈.၇%ရှိပြီး အလယ်တန်းပညာ ပြီးဆုံးသည့်ရာခိုင်နှုန်းမှာလည်း ၁၅.၀% ရှိသည်ကို တွေ့ရ ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

အမျိုးသမီးနှင့် အမျိုးသား ပညာတတ်မြောက်မှုနှုန်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာပြီးဆုံးမှုသည် အမျိုးသားနှင့်အမျိုးသမီးဦးရေ ကွာခြားမှုနည်းသည်ကို တွေ့ရပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးပါသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများမှာ အမျိုးသားများနှင့်တန်းတူ လယ်ယာအလုပ်ကို လုပ်ကိုင်ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ မိဘဆရာအသင်း၊ မြစိမ်းရောင်လှည့်ပတ်ရံပုံငွေ၊ Pact Myanmar ငွေစုငွေချေးအဖွဲ့တို့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖ အဖွဲ့များက အဓိကဦးဆောင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိက စိုက်ပျိုးသီးနှံမှာ စပါးနှင့် လက်ဖက်ကို စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧက ၃၀၀ ခန့်ရှိပါသည်။ မိုးရာသီတွင် စိုက်ပျိုးကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများထုတ်လုပ်မှုတွင် ဈေးကွက် မတည်ငြိမ်မှုမှာ စိုက်ပျိုးသူများအတွက် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်

ဟင်းသီးဟင်းရွက်အပြင် အခြား နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်ထွက်ကုန်များကို ကုန်ကြမ်းရောင်ချရုံမဟုတ်ဘဲ ကုန်ချောထုတ်လုပ်နိုင်ရန် အထိဆောင်ရွက်ရန်လိုအပ်ပါသည်။ ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြင့်ရောင်းချနိုင်သော အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်း လိုအပ်ပါသည်။ သီးနှံထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာ ထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်အထိ ကျယ်ပြန့်စွာ တင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

ကျွဲ၊နွား၊ ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရိစ္ဆာန်အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှု စသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်မှုမရှိသလောက်နည်းပါ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသား အနည်းငယ် သာ လက်သမား၊ ပန်းရံလုပ်ငန်း စသည်များကို ဆောင်ရွက်လျက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု မရှိသလောက်နည်းပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောင်စောင်းမြေများတွင် သီးနှံစိုက်ပျိုးရသည့် အတွက် မြေဆီလွှာတိုက်စားမှုမှာ ကြီးမားသည့် ပြဿနာဖြစ်ပါသည်။ တောင်သူအများစုမှာ သမားရိုးကျ စိုက်ပျိုးနည်းစနစ်များဖြင့်သာ စိုက်ပျိုးကြပြီး မြေဆီလွှာ ထိန်းသိမ်းပြုပြင်နည်းစနစ်များ ကျင့်သုံးမှု အားနည်းပါသည်။ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရာတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ဂေဟစနစ်ထိခိုက်မှုစသည့် အန္တရာယ်များလည်း ကြီးမားလျက်ရှိပါသည်။ ထို့အပြင် မိသားစုစားသောက်နေထိုင်ရေးအတွက် ထင်းလောင်စာ အသုံးပြုမှုများကြောင့် သစ်တောသစ်ပင် ပြုန်းတီးမှုမှာလည်း ကျေးရွာ၏ အရေးကြီသည့် အန္တရာယ်ဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာလူထုအဖွဲ့အစည်းစနစ်များ၊ နည်းပညာနှင့် အကူအညီများရရှိရေး အစီအမံများ လိုအပ်လျက်ရှိပါ သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေလက်လှမ်းမှီမှုမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ရရှိ၍ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ မြစိမ်းရောင်လှည့်ပတ်ရံပုံ ငွေအဖွဲ့၊ pact Myanmar ချေးငွေအဖွဲ့ ဟူ၍ ငွေကြေးဝန်ဆောင်မှုများ ရရှိသည်ကို တွေ့ရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာသူရွာသားအများစုမှာ မူလတန်းနှင့်အလယ်တန်း ပညာတတ်မြောက်ကြပါသည်။ အထက်တန်းပညာပြီးဆုံးသူ (၁၈)ဦးရှိပြီး ၊ တက္ကသိုလ်ပညာပြီးဆုံးသူ (၃)ဦးရှိပါသည်။ ကျောင်ဝင်နှုန်းအနေဖြင့် မူလတန်းကျောင်းဝင်နှုန်း ၈၉.၈% ရှိပြီး အလယ်တန်းကျောင်းဝင်နှုန်းမှာ (၅၈.၇%) ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးရွာတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး၊ သားဖွားဆရာမတစ်ဦးရှိပါသည်။

သောက်သုံးရေအနေဖြင့်ရေထွက် (၂)ခုမှ ရေကိုသွယ်ယူ၍ အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံး သောက်ရေဖူလုံမှုရှိပါသည်။ မိုးရေလျှောင်ကန်များမှရရှိပြီး သန့်ရှင်းစိတ်ချရသော သောက်သုံးရေဖြစ်ရန် အနည်းဆုံးအနေဖြင့် ကျိုချက်ခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။ ကျေးရွာအိမ်ခြေ (၁၄၀) အိမ်အနက် (၁၀) အိမ်သည် ကျင်းအိမ်သာက အသုံးပြုလျက်ရှိနေဆဲ ဖြစ်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူမှုရေးလုပ်ငန်းများအနေဖြင့် ကျေးရွာသာရေးနာရေးတွင် လူကြီးအဖွဲ့များနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြပါသည်။ ဘာသာရေးလုပ်ငန်းများအနေဖြင့် တန်ခူးလတွင် ဘုန်းကြီးကျောင်းတက်ပြီး ဘေးအန္တရာယ်ကျေးရွာနှင့် မြို့ပေါ်ဘုန်းကြီးကျောင်းတွင် သွားရောက်ကန်တော့ကြပါသည်။ စည်းလုံးမှုရှိပြီး ရိုးရာယဉ် ကျေးမှု ထိန်းသိမ်းကြပါသည်။ ကျေးရွာအတွင်း၌ စာကြည့်တိုက်မရှိပါ။ အင်တာနက်အသုံးပြုသူနည်း၊ ဂျာနယ်ဖတ်သော အလေ့အကျင့်မရှိပါ။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာလယ်လမ်းမကြီးသည် (၄) မိုင် အရှည်ရှိ၍ ကျေးရွာမှ မြို့သို့ ကား၊ ဆိုင်ကယ်များ အသုံးပြုပြီးသွားနိုင်ပါသည်။ ကျေးရွာ၌ မဟာဓါတ်အားလိုင်းမှ မီးမရရှိသေးပါ။ ဆိုလာမီးကို အဓိကအားထားပြီး သုံးစွဲကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ချက်ပြုတ်စားသောက်ရန်အတွက် ထင်းကိုသာ အဓိကအားထား၍ အသုံးပြုကြရပါသည်။ ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်အနေဖြင့် တယ်လီနောကွန်ယက်သုံးစွဲနိုင်ပြီ ဖြစ်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်းတွင် မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမား မရှိပါ။ ရာဇဝတ်မှုများ မရှိသလောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမီပြီး လုံခြုံရေးအကူအညီများ ရရှိနိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန် စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီး ပင်များ၊ ဟင်းသီးဟင်းရွက်များစသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ဒေသ၏အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာပြည်တစ်ဝှမ်းစားသုံးရန် ဟင်းသီးဟင်းရွက်သစ်သီးဝလံ ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှု ဈေးကွက်လည်းရှိပြီးဖြစ်ပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး

ဝန်ဆောင်မှုများရရှိရန် ခက်ခဲမှုမရှိသော ဒေသတွင်တည်ရှိသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာသူ ရွာသားများမှာလည်း ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ချို့က ဝိုင်ထုတ်လုပ်ခြင်း၊ မုံညင်းအခြောက်ခံခြင်းစသည့် ကုန်ချောထုတ်လုပ်မှုများ စတင်လုပ်ကိုင်လာကြပြီဖြစ်သည့်အတွက် ကျေးရွာ၏ တောင်သူများအတွက် သီးနှံထုတ်လုပ်ရေးမှ ဝင်ငွေတိုး၍ရရှိရန် အခွင့်အလမ်းများပင် ဖြစ်ပါသည်။

ဒေသတွင်းရှိ အင်းလေးကန်၊ ပင်းတယလိုဏ်ဂူ၊ ဒေသ၏ သဘာဝရှုခင်းများနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးသည့်ဒေသဖြစ်သည့်အလျောက် စနစ်တကျ စီစဉ်ဆောင်ရွက်လျှင် ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်ပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့်ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများ ရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရိစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင် ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင်တည်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထားအရ ကျယ်ပြန့်သောဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများအား လက်လှမ်းမီမှုကောင်းမွန်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုအရ မိုးခေါင်မှုများ ကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံးသီးနှံများများ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေရာရှိ ရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

ဟင်းသီးဟင်းရွက်သီးနှံများ ရိတ်သိမ်းချိန် အခြားကျေးရွာ၊ အခြားဒေသများ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်သည့်နှစ်များတွင် ဈေးကွက်ကျဆင်းမှုများနှင့် ကြုံရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသီးနှံများမှာ ပုတ်လွယ်ပျက်လွယ်သည့် ပစ္စည်းများဖြစ်သည့်အလျောက် ကြာရှည်သိုလှောင်ရန် အခက်ခဲရှိပါသည်။ စုပေါင်း၍ သိုလှောင်သိမ်းဆည်းစနစ်များ လက်လှမ်းမီရေး၊ ကြာရှည်အထားခံသည့် ကုန်ချောထုတ် လုပ်နိုင်ရေးတို့မှာ စိန်ခေါ်မှုပင်ဖြစ်ပါသည်။

တောင်သူငယ်များအတွက် သီးနှံစိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်စရိတ်တို့အတွက် သင့်တော်သော ငွေကြေးဝန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာ လူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်အား ထိရောက်စွာ ဖြည့်ဆီးနိုင်မည့် အစီအစဉ်မျိုး ရရှိရန်လိုအပ်လျက်ရှိပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာ ဖြစ်လာရေး၊

(၃) ရေရှည်တည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်သော ကျေးရွာဖြစ်လာစေရေး၊

(ခ) နည်းဗျူဟာ

(၁) အထက်ပါပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့် ကိုက်ညီသည်. စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွေး၊ မက်မန်းကဲ့သို့သော သီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့်ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။ ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(၃) ထို့အပြင် ကျွဲ၊ နွားတိရိစ္ဆာန် တိုးပွားလာစေရန် ရေရှည်စီမံချက်များချမှတ် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(၄) ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ တည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများစသည်တို့ လုပ်ကိုင်နိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြို့နယ် ဌာနဆိုင်ရာများသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာများတိုးတက်လာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်ရေးတို့အတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာ ကော်မတီတို့ ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်ပါမည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိ သဘာဝပေါက်ပင်နှင့် သစ်တောများပြုန်းတီးမှု လျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ အမြင်ဖွင့် သင်တန်းများရယူခြင်း၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်မည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုသည် သီးနှံတိုးတက်ထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ပျိုးရေး၊ ယင်းသီးနှံများအား သမားရိုးကျမဟုတ်ဘဲ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးသောသီးနှံများအား ထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှုဆိုင်ရာ အသုံးပြုမှု နည်းပညာနှင့် နည်းစနစ်များ၊ ဖော်ပြပါထုတ်ကုန်များအား ကုန်ချော ထုတ်လုပ်မှုဆိုင်ရာနည်းပညာများစသည်တို့အား တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများ လိုအပ်ပါမည်။ အလားတူပင် မွေးမြူရေးကဏ္ဍတွင် တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး၊ ခြံလှောင် တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ ခရီးသွားလာရေးဆိုင်ရာဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါကိစ္စများအတွက် ကျေးရွာလူထု၏ လိုအပ်ချက်များအား ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်မည့် အစီအစဉ်များလိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုသာ ကျေးရွာထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်မည်ဖြစ်ပါသည်။ ထို့ကြောင့် သီးနှံထုတ်လုပ်ရေး နှင့် မွေးမြူရေးလုပ်ငန်းသုံး သွင်းအားစုများရောင်းဝယ်ဖောက်ကားရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည့် မူဝါဒများ လိုအပ်ပါမည်။

(ဃ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(င) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍

ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါ သည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ် မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူ ပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက် နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ဖြစ်သည်ကို ဖေါ်ပြ ခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ- ဆောက်လုပ်ရေးပစ္စည်း များ နှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစ သည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှုအထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက် အကြောင်းအရာဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ	• သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများရရှိ အောင်ဆောင်ရွက်ခြင်း			• တစ်ဘက်ပိတ်ဆည် ၁ခု တည်ဆောက်ပေးခြင်း • စိုက်ပျိုးရေးသုံးစက်ကိရိယာ (လက်တွန်းထွန်စက် ၂၅စီး၊ စပါးခွေလေ့စက် ၂ စီး) • စိုက်ပျိုးရေးအတွက် ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း • ခိုင်းကွဲ ပံ့ပိုးပေးခြင်း • မျိုးကောင်းမျိုးသန့်နှစ်ရှည်ပင်ဖြန့်ဖြူးပေးခြင်း (မက်မန်း၊စပျစ်) • ပျိုးဥယျာဉ်ထူထောင်ပေး ခြင်း • စပါးဘဏ်ထူထောင်ခြင်း • စိုက်ပျိုးရေးသင်တန်းပေးခြင်း • မြေဆီလွှာထိန်းသိမ်းနည်း သင်တန်းပေးခြင်း • ပိုးသတ်ဆေးစနစ်တကျသုံး စွဲနည်းသင်တန်းပေးခြင်း	
မွေးမြူရေး	• တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ခြင်း			• မွေးမြူရေးအတွက် ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း • မွေးမြူရေးသင်တန်းများ ပို့ချပေးခြင်း • ဝက်မျိုးကောင်းမျိုးသန့် ပံ့ပိုးပေးခြင်း • ဥစားကြက်၊အသားတိုး ကြက် စံပြမွေးမြူခြင်း	

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက် အကြောင်းအရာဖော်ပြချက်	မှတ်ချက်
ပညာရေး	• ကျေးရွာစာသင်ကျောင်း အခြေခံအဆောက်အဦးနှင့်အသုံးအဆောင်များပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း			• စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ပေးခြင်း • ကျောင်းဝန်ထမ်းအိမ်ရာ(၃)လုံးဆောက်လုပ်ပေးခြင်း • ကျောင်းအိမ်သာ(၂)လုံး ဆောက် လုပ်ပေးခြင်း • ကျောင်းသောက်ရေကန် တည်ဆောက်ပေးခြင်း • ကျောင်းခြံစည်းရိုးကာရံပေးခြင်း • ကျောင်းတွင်းပရိဘောဂများ ဖြည့်စည်းပေးခြင်း • ကျောင်းစာကြည့်တိုက် ဆောက်လုပ်ပေးခြင်း	
ကျန်းမာရေး	• အခြေခံကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီရေး			• ယင်လုံအိမ်သာများအတွက်ခွက်၊ပိုက်များပံ့ပိုးပေးခြင်း • ဆေးခန်းပရိဘောဂများပံ့ပိုးပေးခြင်း	• ကျေးလက်ဦးစီး
အခြားဝင်ငွေရလုပ်ငန်းများ	• အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး			• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းပေးခြင်း။ • ခရီးသွားလာရေးလုပ်ငန်းအခြေပြုသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရေး • သီးနှံ၊ မွေးမြူရေးထွက်ကုန်နှင့် ကျောက်မီးသွေး၊ သဲကျောက်ကဲ့သို့ အခြားသဘာဝထွက်ကုန်များကုန်ချောထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းအခွင့်အလမ်းများဖွံ့ဖြိုးရေး။ • ဈေးကွက်ထိုးဖောက်မည့်	• ကျေးလက်ဦးစီး

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက် အကြောင်းအရာဖော်ပြချက်	မှတ်ချက်
				အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	
လမ်း၊ တံတားကောင်းမွန်လာစေရေး	• အခြေခံအဆောက်အဦးတိုးတက်ကောင်းမွန်စေရေး			• ရေပြွန်ပြုလုပ် ခြင်း။	• ကျေးလက်/ဦးစီး
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များ ဆောင်ရွက်ခြင်း			• သစ်တောထိန်းသိမ်းရေးဆိုင်ရာအသိပညာများ တိုးတက်အောင်ဆောင်ရွက်ခြင်း • ထင်းကုန်သက်သာမီးဖို၊ ထင်းအစားထိုးလောင်စာများ၊ စွမ်းအင်များအသုံးပြုနိုင်အောင်ဆောင်ရွက်ခြင်း • မြေဆီလွှာ ထိန်းသိမ်းရေး အစီအစဉ်များ	•

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစား ပေးအ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	သီးနှံထုတ်လုပ်မှုတိုး တက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟု သုတ၊ ကျွမ်းကျင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း	၁	✔	✔	✔		
၂	မွေးမြူရေး	၂					
၃	ကျေးရွာစာသင်ကျောင်း အခြေခံ အဆောက်အဦးနှင့်အသုံး အဆောင်များ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက် ခြင်း	၃	✔				
၄	အခြေခံကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီရေး	၄		✔			
၅	အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး	၅	✔	✔			
၆	အခြေခံအဆောက်အဦးတိုးတက် ကောင်းမွန်စေရေး	၆	✔	✔	✔	✔	✔
၇	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း	၇	✔	✔	✔	✔	✔

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါ သည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပုံစံ နှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း					
၂	မွေးမြူရေး					
၃	ကျေးရွာစာသင်ကျောင်း အခြေခံအဆောက်အဦးနှင့် အသုံးအဆောင်များပြုပြင် ခြင်းနှင့်အသစ်တည်ဆောက်					

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			လူသားချင်းစာနာမှုအထောက်အပံ့
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
	ခြင်း					
၄	အခြေခံကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီရေး					
၅	အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး					
၆	အခြေခံအဆောက်အဦးတိုးတက်ကောင်းမွန်စေရေး					
၇	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်

ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက် ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ် ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၅	၁၀	၁၅	၂.၅%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၉	၂၄	၄၃	၇.၀%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၃	၂၆	၄၉	၈.၀%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၆	၂၇	၆၃	၁၀.၃%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၀၆	၂၁၂	၄၁၈	၆၈.၄%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၁	၁၂	၂၃	၃.၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၃၀၀**	**၃၁၁**	**၆၁၁**	**၁၀၀%**	
အိမ်ထောင်စုပေါင်း (၁၄၀)			**တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ (၄-၅)ဦး**		

ရည်ညွှန်း-ကျေးရွာအခြေအနေကိုကျေးရွာအတွင်းတစ်အိမ်တက်ဆင်းကောက်ခံရရှိပါသည်။(၅-၇၊ဩဂုတ်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်မိသားစု (၁၄၀)စုရှိပြီး လူဦးရေစုစုပေါင်း (၆၁၁)ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄) ဦးမှ (၅) ဦးအထိ ရှိပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၆၈.၄% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၁.၆ % သည် မှီခိုသူများ ဖြစ်ကြပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၈	၈၄.၃%		လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၁၃	ဝက်မွေးမြူ ရေးလုပ်ငန်း (လယ်လုပ်ငန်းနှင့်တွဲဖက်၍ လုပ်ကိုင်)
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၆	၄.၃%		ပဲပုတ်လုပ်ငန်း
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၂.၉%		ပန်းရံ၊လက်သမားခေါင်းဆောင်
	လုပ်သား(အငှား၊ဝန်ထမ်း)			၁၀	ပန်းရံ ၊လက်သမားနောက်လိုက်
	မိသားစုဝင် လုပ်အား				ကြဲရာကျပန်းလုပ်ကိုင်ကြသည်။
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၂.၉%		ကုန်စုံဆိုင်၊ အိမ်ဆိုင် ဆိုင်ကယ်ပြင်ဆိုင်
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၁	**ဟိုတယ်နှင့်ခရီးသွားလာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၂	၁.၄%		ထော်လာဂျီမောင်း၊လက်တွန်း ထွန်စက်မောင်း
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)	၆	၄.၂%		ပညာရေးဌာနတွင် ကျောင်း ဆရာမအဖြင့်လုပ် ကိုင်ကြ သည်။
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၁၄၀	၁၀၀ %	၂၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူး များမှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ညောင်ကောက်ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၄၁၈)ဦး ဖြစ်ပြီး ကျား (၂၀၆) ဦး နှင့် မ (၂၁၂) ဦး ရှိသောကြောင့် ကျားမလုပ်သားအင်အား အချိုးတူညီပါသည်။ အမျိုးသားအများစုနှင့် အမျိုးသမီးငယ် အများစုမှာ လယ်ယာလုပ်ငန်းခွင်တွင် ကောင်းစွာလုပ်ကိုင် ဆောင်ရွက်နိုင်သော်လည်း အမျိုးသမီးကြီးများမှာ မိသားစုကိစ္စရပ်များနှင့် ကလေးထိန်းခြင်းဖြင့်သာ အချိန်ကုန်ကြပါသည်။

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း (လယ်လုပ်ငန်း)နှင့် လယ်ကျဘမ်းဖြစ်ပြီး၊ လယ်လုပ်ကိုင်ကြသူမှာ (၁၁၈) အိမ်ထောင်စုရှိပြီး စုစုပေါင်း အိမ်ထောင်စု၏ (၈၄.၃)ရာခိုင်နှုန်းရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်သူ (၁၃)အိမ်ထောင်စုရှိ၍ ဝက်မွေးမြူသူများ ဖြစ်ပြီး၊၄င်းတို့သည် လယ်လုပ်ငန်းနှင့်တွဲဖက်၍လုပ်ကိုင်ကြပါသည်။ ပဲပုတ် လုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၆)စု ရှိပါသည်။ ပန်ရံ၊လက်သမားခေါင်းဆောင် (၄)ဦး ရှိပြီး နောက်လိုက် (၁၀)ဦးရှိပါ သည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်ငယ်၊ အိမ်ဆိုင်၊ ဆိုင်ကယ်ပြင် လုပ်ကိုင်နေကြသူ အိမ်ထောင်စုမှာ (၄) အိမ်ရှိပြီး (၂.၉) ရာခိုင်နှုန်း ရှိပါသည်။ ကျောင်းဆရာ/မ လုပ်သူ (၆) ဦးရှိပါသည်။ ကျဘမ်းလုပ်ငန်းများ လုပ်ကိုင်သူ (၃၀) အိမ်ထောင်စုရှိပါသည်။ ကျပန်းလုပ်သား အချို့မှာ ကျေးရွာရှိ လယ်များ၌ အလုပ်လုပ်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ (၃၅၀၀)ကျပ်ခန့် ရရှိပါသည်။ စက်မောင်းလုပ်ငန်း လုပ်ကိုင်သူ (၂) ဦးရှိပြီး ထော်လာဂျီ၊ လက်တွန်းထွန်စက်များ မောင်းပါသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေး နိုင်သည့်ဧက)
လယ်မြေ	၄၀၀	သင့်	ရ	ဆောင်း ၁၀၀ ဧက
ယာ	၄	ညံ့	မရ	မိုးရေ
လက်ဘက်ခြံ	၂၂၂.၅	သင့်	မရ	မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း	၂၅.၅	သင့်	မရ	မိုးရေ
သစ်တောမြေ	၁၁၄	ကောင်း	မရ	မိုးရေ
ကျေးရွာ အစုဖွဲ့ပိုင်သစ် တော	၄၄	သင့်	မရ	မိုးရေ

စုစုပေါင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ဩဂုတ်လ၊၂၀၁၅နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများ မှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။မြေဩဇာအသင့်အတင့်သာကောင်းမွန်သောစိုက်ပျိုးမြေများဖြစ်ပါသည်။စိုက်ပျိုးရေး အတွက် မိုးရေကိုသာ အဓိက အားကိုးပြီး လုပ်ကိုင်ကြပါသည်။ ပန်ဘိန်းချောင်းမှ စီးဆင်းသော စိမ့်စမ်းရေကို လယ်ဧက(၁၀၀)ဧကမှ ဆောင်းရာသီတွင် ရေရရှိပါသည်။ ကျန်ရှိသည့်လယ်များမှာ မိုးရေသာရရှိပါသည်။

လယ်မြေဧက (၄၀၀) ဧက၊ ယာ (၄) ဧက၊ ဥယျာဉ်လက်ဖက်စိုက်ခြံ (၂၂၂.၅) ဧကရှိပါသည်။ အိမ်ခြံဝင်း သီးနှံ စိုက်ပျိုးမြေ ပျမ်းမျှ (၂၅.၅) ဧက ရှိ၍ ငရုတ်သီး၊ကြက်သွန်နီ၊ကြက်သွန်ဖြူ၊ သခွား၊ ဂျင်း၊ဖရုံ၊ငှက်ပျောစသည့် အပင်များကို စိုက်ပျိုးကြပါသည်။ကျေးရွာအနောက်ဘက် ရေထွက်အနီးတွင် သဘာဝသစ်တောမြေ (၁၁၄)ဧက ရှိပါသည်။ ယခုအခါ သစ်တော တဖြည်းဖြည်းပြုန်းတီးလာပြီး ရေထွက်နည်းလာနိုင်ပါသဖြင့် ရွာသူရွာသားများသည် ရေထွက်ဧရိယာထိန်းသိမ်းရန် အတွက် ၂၀၁၄ ခုနှစ်တွင် သစ်တောပျိုးပင်များ ဖြည့်စွက်စိုက်ပျိုးကြပါသည်။ ကျေးရွာဧရိယာ သစ်တောစိုက်ခင်းတွင် ၂၀၁၅ ခုနှစ်မှစ၍ ကျေးရွာအစု အဖွဲ့ပိုင် သစ်တောထူထောင်ရန် ၄၄ဧကအား သစ်တောဌာနသို့တင်ပြ ထားပြီးဖြစ်ပါသည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ကျောက်၊ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
အပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ဩဂုတ်လ၊၂၀၁၅ခုနှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှ တဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်းဆေးဖက်ဝင် အပင်များဖြစ်သည့် ဆင်တုံးမနွယ်၊ နွယ်ချို၊ သစ်ကျပိုး၊ အုံတုံ၊ တပင်တိုင် မြနန်းတို့ကိုတွေ့ရှိရပါသည်။၄င်းတို့ကို ကျေးရွာ ၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်ကုန်းများ ပေါ်တွင် တွေ့ရှိရခြင်းဖြစ်ပါသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၆ဧက - ၁၀ဧက ခြံ ၃ဧက ၅ဧက	၃ဧက - ၅ ဧက ခြံ၂ကဧက ၃ဧက	၁ဧက - ၂ဧက ခြံ ၁ဧက	မရှိ
အိမ်အခြေအနေ	နှစ်ထပ်အိမ်သပ်ပိုး အုတ်ကာပျဉ်ခင်း အင်္ကတခင်း	တစ်ထပ်အိမ်သပ်ပိုးအုတ်ကာ အင်္ကတခင်း	တစ်ထပ်အိမ်သပ်ပိုးထရံကာပျဉ်ခင်း	တစ်ထပ်အိမ်သက်ကယ်မိုးဝါးရံကာ၊ ဝါးခင်း

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ် ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သောအိမ်ထောင်စု
လုပ်ငန်းသုံး ကိရိယာပိုင် ဆိုင်မှု အဓိကစီးပွာ းရေး	လက်တွန်းထွန်စက် ရေစုပ်စက် ဆန်စက်	ကျွဲ ထည်	ပေါက်တူး တံမကောက်	ပေါက်တူး တံမကောက်
လုပ်ငန်း တစ်နှစ်ပင် ငွေ	သိန်း ၁၀၀	သိန်း ၅၀- ၇၀	သိန်း ၂၀	၅-၇ သိန်း
အခြားပိုင် ဆိုင်မှု	ကား ၁စီး -၃စီး ဆိုင်ကယ် ထော်လာကျီ စက်ဘီး Sky net ,TV, ဖုန်း၂လုံး	ဆိုင်ကယ်၁စီး စက်ဘီး TV,ဖုန်း၁လုံး	ဆိုင်ကယ် ၁စီး TV, ဖုန်း၁လုံး	ဆိုင်ကယ်၁စီး ခေါက်TV စက်ဘီး
စုစုပေါင်း အိမ်ထောင်စု ၁၄၀	၁၆(၁၁.၄%)	၂၆(၁၈.၆%)	၅၉(၄၂.၁%)	၃၉(၂၇.၉%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ဩဂုတ်လ၊၂၀၁၅နှစ်) (ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓန အဆင့် ခွဲခြားမှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ မြေယာမဲ့ အိမ်ထောင်စု ၃၉ စု ရှိ၍၄င်းတို့သည် ရွာတွင်းရှိရာသီအလိုက် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လုပ်အား ခရရန်နှင့် ဝမ်းစာ အတန်အသင့် ဖူလုံရန် လုပ်ဆောင်ကြပါသည်။ အများစုမှာ မြေ (၁-၅)ဧကအထိ ပိုင်ဆိုင်သော မိသားစု များဖြစ်ကြပါသည်။ ၄င်းမိသားစုများသည် လက်ဖက်ကို လယ်နှင့် တွဲဖက်၍ လုပ်ကိုင်ကြပါသည်။ (၇၀)ရာခိုင်နှုန်းမှာဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ဝင်ငွေ နည်းပါးကြပါသည်။ အလယ် အလတ် အိမ်ထောင်စုများမှာ တစ်နှစ်လျှင် ဝင်ငွေကျပ် (၅၀-၇၀) သိန်း ခန့် ရရှိကြပါသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၃	၄၃.၃%	ကျေးရွာ ဈေးဆိုင်များမှ အကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှ ငွေချေးငှားစားသုံးခြင်း၊ ကျေးရွာမှ ငွေတိုးပေးသူများထံမှ ငွေတိုးယူပြီး စားနပ်ရိက္ခာဝယ်ယူစားသုံးရ သည်။
၃လနှင့် ၅လအထိ	-	-	-
၆လမှ၁၂လအထိ	၁၇	၅၆.၇%	ဆွေမျိုးသားချင်းများ ချေးယူခြင်း၊ ဈေးဆိုင်များ အကြွေးယူခြင်း၊ လုပ်ငန်းရှင်များထံမှ လုပ်အားခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း .. ကျေးရွာအတွင်းရှိ အဆင့် (၃) ဆင်းရဲသောအိမ်ထောင်စု နှင့် အဆင့်(၄) အလွန်ဆင်းရဲသော အိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု (၃၀)ကိုသာ စစ်တမ်းကောက်ထားခြင်း။ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အဆင့်(၃) ဆင်းရဲသောအိမ်ထောင်စုနှင့် အဆင့်(၄) အလွန်ဆင်းရဲသော အိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု (၃၀)ကို သာ စစ်တမ်းကောက်ထားခြင်းဖြစ်ပါသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား မ ပေါင်း
သက်ကြီးရွယ်အိုဖခနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	
		အိမ်ထောင်စုအရေ အတွက်
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၁
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
ဆင်းရဲသည့်အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ			၁

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၅-၇၊ဩဂုတ်လ၊၂၀၁၅ခုနှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှ တဆင့်ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းမိသားစုဦးရေများပြားပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁)စုရှိ၍ မလေးရှာနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသူလူငယ် (၁)ဦး ရှိကြောင်း ကျေးရွာ လူကြီးများ၏ ပြောကြားချက်အရ သိရှိရပါသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ကျရောက်နိုင်ခြေအဆင့်	မှတ်ချက်
	စီးပွားရေး		
၁	စားနပ်ရိက္ခာ မဖူလုံခြင်း	အနည်းငယ်ရှိ	မြေယာမဲ့ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသောအိမ်ထောင်စုများ နှင့်ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံ တွေ့ရနိုင်ပါသည်။
၂	အရင်းအမြစ်ရှားပါးခြင်း(ရေ)	အနည်းငယ်ရှိ	နွေရာသီတွင်စိုက်ပျိုးရေအခက်အခဲရှိ
	ကျန်းမာရေး		
၃	၄က်ဖျား	အနည်းငယ်ရှိ	၄က်ဖျားကူးစက်မှုဇုန်တွင်မကျရောက်သောကြောင့် လည်းကောင်း၊အခြားဒေသသို့သွား ရောက်အလုပ်လုပ်ကိုင်သူမရှိသောကြောင့် လည်းကောင်း ၄က်ဖျားရောဂါဖြစ်နိုင်ခြေမရှိ သလောက်နည်းပါသည်။
၄	ဝမ်းပျက်ဝမ်းလျော	ဖြစ်နိုင်ချေများ	စိမ့်စမ်းရေသောက်သုံးရပြီးရေကိုကြိုချက် သောက်လေ့ မရှိသောကြောင့်လည်းကောင်း၊ အစားအသောက်များ မသန့်ရှင်းသောကြောင့်လည်းကောင်း ဖြစ်လေ့ရှိပြီး ကလေးငယ်များတွင် အဖြစ်များပါသည်။
၅	ခုခံအားကျဆင်းမှုရောဂါ	ဖြစ်နိုင်ခြေနည်း	ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူ မရှိသောကြောင့် ဖြစ်နိုင်ချေနည်းပါသည်။

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ကျရောက် နိုင်ခြေအဆင့်	မှတ်ချက်
	လူမှုရေး		
၆	လူကုန်ကူးခြင်း	ဖြစ်နိုင်ခြေနည်း	အခြားနိုင်ငံသို့သွားရောက်အလုပ်လုပ်သူမရှိသော်လည်း နိုင်ငံနှင့်အဝန်းလူကုန်ကူးမှုများ ဖြစ်နေသောကြောင့် သတိထားသင့်ပါသည်။
	ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်		
၇	မိုးခေါင်ခြင်း	ဖြစ်နိုင်ခြေနည်း	သစ်တောများရှိခြင်းကြောင့် မိုးခေါင် လေ့မရှိသော်လည်းဝါထပ်သည့်နှစ်များတွင် မိုးခေါင်တတ်ပါသည်။
၈	မိုးသည်းထန်စွာ ရွာသွန်းခြင်း	အသင့်အတင့်ရှိ	တစ်ခါတစ်ရံတွင်အချိန်အခါမဟုတ်မိုးကြိုးလေ့ရှိပါသည်။
၉	လေပြင်းမုန်တိုင်း	ဖြစ်နိုင်ခြေနည်း	တစ်ခါတစ်ရံ လေပြင်းများ၊ လေဆင်နှာမောင်းများ တိုက်ခတ်လေ့ ရှိပါသည်။
၁၀	ငလျင်	ဖြစ်နိုင်ခြေနည်း	ငလျင်ကြောတွင်မရှိခြင်း။
၁၁	မီးဘေး	ဖြစ်နိုင်ခြေနည်း	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၂	မြေဆီလွှာ ဆုတ်ယုတ်ခြင်း	မြင့်မား	စိုက်ပျိုးရေးဓာတုဆေးများကို အသုံးပြုခြင်းကြောင့် မြေဆီ လွှာသည် အတိုင်းအတာ တစ်ခုအထိပျက်စီးနိုင်ပါသည်။ တောင်သူများသည် မြေဆီလွှာ ပြုပြင်သောနည်းလမ်းများကို အသုံးပြုခြင်းမရှိသေးပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူထုအနေဖြင့်စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့် ဖြစ်နိုင်သောအန္တရာယ်အမျိုးအစားများ (၁၂)မျိုးရှိပါသည်။ ဆင်းရဲသော မိသားစုအများစုသည်မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသောအသက်မွေးဝမ်းကျောင်း လုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်း ဆောင်နိုင်စွမ်း မရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	လက်လုပ်လက်စားမိသားစုများဖြစ်၍ မမျှော်လင့်နိုင်သော အဖြစ်အပျက်များ(ဥပမာ-မိုးခေါင်ခြင်း၊ကုန်ဈေးနှုန်းကြီးခြင်းနှင့်ငွေကြေးဖောင်းပွခြင်းများ)ဖြစ်ပါက စားနပ်ရိက္ခာမလုံလောက်မှုနှင့်ကြုံတွေ့ရနိုင်။
၂	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	မိုးခေါင်ခြင်းကြောင့် သီးနှံခင်းများပျက်စီးကာ ကုန်ဈေးနှုန်းကြီးခြင်းနှင့် လုပ်အားခနည်းခြင်း။
၃	လက်လုပ်လက်စား၊ကျပန်း	မြင့်	လျှပ်စစ်မီးမရှိ၍ ရေပေါ်ထိုး၊ဝါရိန်ဖြတ်ရာ တွင်ထိခိုက်မှုရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ထိခိုက်လွယ်ရခြင်းမှာ ၎င်းတို့သည် အမျိုးသားများနှင့်တန်းတူအလုပ်ကြမ်းများ မလုပ်နိုင်ခြင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်လာသဖြင့် စားဝတ်နေရေး ခက်ခဲလာခြင်း၊ လုပ်အားခနည်းခြင်း၊ ရပ်ရွာဖွံ့ဖြိုးရေးကိစ္စများတွင် ၎င်းတို့၏ကဏ္ဍပါဝင်မှုနည်းခြင်း စသည်တို့ကြုံတွေ့ရလေ့ရှိပါသည်။ ကျပန်းမိသားစုများနှင့် မြေယာမဲ့ ဆင်းရဲသား မိသားစုများသည် ပုံမှန်အလုပ်မရှိသဖြင့် ပုံမှန်ဝင်ငွေ မရရှိခြင်း၊ အခြား လုပ်ငန်းများလုပ်ကိုင်ရန်အတွက်လည်း အရင်းအနှီးငွေမရှိခြင်း စသည့်အချက်များကြောင့် ၎င်းတို့အား ထိခိုက်လွယ်သည့် အစုအဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါ သည်။၎င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိသော မိသားစုများဖြစ်ကြသည်။

အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေ ရန် များစွာအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသော မူဝါဒချိတ်ဆက်မှုများ လုပ်ဆောင် သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာ အုပ် ချုပ်ရေး အဖွဲ့	၂	၂		၂	စီမံခန့်ခွဲ ရေး	၅	၇
၂	ရပ်မိရပ်ဖအဖွဲ့	၂	၉		၉	အကြံပြု ဆွေးနွေး တိုင်ပင်ပူး ပေါင်း ဆောင် ရွက်	၄	၇
၃	Pact Myanmar	၁		၅၅	၅၅	ချေးငွေ	၅	၆
၄	မြစိမ်းရောင်	၁	၄	၃	၇	ချေးငွေ	၅	၆
၅	မိဘဆရာအ သင်း	၂	၁၄	၃	၁၇	ပညာရေး	၄	၇
၆	ကျောင်းအကျိုး တော်ဆောင်အ ဖွဲ့	၁၃	၂	၁၅		ပညာရေး	၄	၇
၇	ကျန်းမာရေး ကော်မတီ	၃	၂	၅		ကျန်းမာ ရေး	၄	၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင် (၂) ဦးရှိ၍ ကျေးရွာ၏ စီမံခန့်ခွဲမှုကိစ္စ ရပ်များအားရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အို များပူးပေါင်း၍ ဆောင်ရွက်ကြပါသည်။

၂၀၁၄ ခုနှစ်က ကျေးရွာအတွင်း တွင် Pact Myanmar အဖွဲ့အစည်းမှ အဖွဲ့ဝင် (၄)ဦး ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ယခုအခါ အဖွဲ့ဝင် (၁၁၅) ဦးပါဝင်သော ချေးငွေအဖွဲ့ကို ဖွဲ့စည်း၍ ငွေချေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များ ရွာတွင်းကလေး မွေးလျှင်ငွေကျပ်(၃၀၀၀၀)ကျပ် ၊ဆေးရုံတွင်မွေးလျှင် (၅၀၀၀၀) ကျပ်၊ ဗိုက်ခွဲမွေးလျှင် (၁၀၀၀၀၀) ကျပ်ထောက်ပံ့ပေးပါသည်။ လစဉ်စုငွေစုပြီး အဖွဲ့ဝင်မှ နှုတ်ထွက်လျှင် ၄င်းစုငွေကိုပြန်ထုတ်ပေးပါသည်။ စုငွေမှလည်း အတိုးပေးပါသည်။

၂၀၁၅ခုနှစ်ဩဂုတ်လအတွင်း မြစိမ်းရောင်လှည့်ပတ်ရံပုံငွေ ကျပ်သိန်း (၃၀၀) ရရှိပြီး ယခုအခါ ချေးငွေအစီအစဉ်အတွက် ရေးဆွဲနေကြပြီဖြစ်သည်။

ပညာရေးနှင့်ပတ်သက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းဟူ၍ ဖွဲ့စည်း ထားပါသည်။ ကျောင်းတွင်းရံပုံငွေမရှိပါ။ အာဟာရတိုက်ကျွေးခြင်း၊ နှစ်ပတ်လည်ဆုပေးပွဲ ပြုလုပ်ခြင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး၊ အားကစားပွဲတို့ကို ပြုလုပ်ရာတွင်မှသာ ငွေကြေးကောက်ခံပါသည်။ ပညာရေးဌာနနှင့်ဆက်သွယ်ဆောင်ရွက်မှုများ၊ ကျောင်းဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြု အဖွဲ့ဝင်များနှင့် အတူ လိုအပ်သလို အစည်း အဝေးခေါ်ယူ၍ ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေးဆေးပေးခန်းရှိ၍အရံသားဖွားဆရာမ ရှိပါသည်။ ကျန်းမာရေး ကော်မတီသည်ကျေးရွာနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းပါ သည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၂	မြို့နယ် စိုက်/ဘဏ်	၈	စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း
၃	ကျေးလက်ဦးစီး	၈	အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက်ချေးငွေထုတ်ချေးခြင်း

ရည်ညွှန်း။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်သည် နွေစပါးအတွက် တစ်ဧက လျှင် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးပါသည်။ အများဆုံးဆယ်သိန်း အထိ ထုတ်ချေးပေးပါသည်။ နွေးစပါးအတွက် ဇန်နဝါရီလမှဇွန်လအထိဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကျေးလက်ဦးစီးဌာန သည် မြစိမ်းရောင်လှည့်ပတ်ရုံပုံ ကျပ်သိန်း (၃၀၀) ပံ့ပိုးပေးပါ သည်။

၂.၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၉	၂၇.၉%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက် (၁ဟတ်တာထိ)	၅၉	၄၂.၁%	ဆင်းရဲသားတောင်သူ တပိုင်တနိုင်လုပ်ကိုင်
၃	၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ)	၂၆	၁၈.၆%	တောင်သူလတ်
၄		၁၆	၁၁.၄%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၄၀**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၅-၇၊ ဩဂုတ်လ၊ ၂၀၁၅နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှ တဆင့်ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားကြီးများမှာ လယ်မြေ (၁၀) ဧကအထိ ပိုင်ဆိုင်ကြပြီး (၁၆) ဦးရှိပါသည်။ အလယ်အလတ် လယ်သမားများသည် (၃-၅)ဧက ခန့် ပိုင်ဆိုင်ကြပြီး၊ လယ်သမား ငယ်များသည် (၁-၂) ဧက ပိုင်ဆိုင်ကြပါသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	တစ်ဘက်ရပ်ဆည်	ပုဂ္ဂလိက	ဆောင်း ၁၀၀ ဧက	ဆောင်းရာသီ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးအတွက် မိုးရေကိုအဓိကအားထားပြီး၊ ရွာထိပ် (၃) မိုင်ကျော် ဝေးသောပန်ဘိန်းရေထွက် တစ်ဘက်ရပ်ဆည် တစ်ခုရှိပါသည်။ ဆောင်းသီးနှံ ဖြစ်သောခရမ်းချဉ်သီး စိုက်ပျိုးရာတွင် ဧက (၁၀၀)ခန့် ၄င်းဆည်မှ စိုက်ရေရရှိပါသည်။ ၂၀၁၅ခုနှစ် မိုးရာသီရေကြီးချိန်တွင် ၄င်းပန်ဘိန်း ရေထွက်မှ သွယ်ယူထားသော ရေပိုက်များ ရေတိုက်စားကာ ပြုတ်ထွက်ပြီး ပျက်စီးသွား ပါသည်။ ပြန်လည်ပြုပြင်ရန် လိုအပ်ပြီး စိုက်ပျိုးရေးအတွက် ခက်ခဲလျက်ရှိပါသည်။ အကယ်၍ ၄င်းတစ်ဘက် ရပ်ဆည်အပေါ်ဘက် (၁) မိုင်ထပ်ဝေးသော နေရာတွင် စိမ့်စမ်းရေထွက်ရှိ၍ ထပ်မံ၍ တစ်ဘက်ရပ်ဆည်ပြုလုပ်ပေးပါက ဆောင်းသီးနှံ စိုက်ပျိုးရာတွင် စိုက်ဧကအားလုံးရေလုံလောက်စွာ ရရှိ မည်ဖြစ်ပါသည်။ နွေစပါးကိုလည်း စိုက်ပျိုး နိုင်မည် ဖြစ်ပါသည်။

၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဧယား(၁၄)အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင် မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၃၀၀		၆၅	၈၀	၇၂.၅	နယုန်တန်ဆောင်မုန်း	မြင့်	လတ်	စပါးမျိုးထပ်ပြောင်းချင်၊ နည်းစနစ်အသစ်ထပ်မံရရှိ၊လယ်ဧကနွေစပါးစိုက်ပျိုးရေးရေရရန်လိုအပ်
လက်ဖက်	၂၀၀		လက်ဖက်ခြောက် ၁၄၀ ပိဿာ လက်ဖက်စို ၃၅ ပိဿာ	လက်ဖက်ခြောက် ၁၈၀ ပိဿာ လက်ဖက်စို ၄၅ ပိဿာ	လက်ဖက်ခြောက် ၁၆၀ ပိဿာ လက်ဖက်စို ၄၀ ပိဿာ	နယုန် ၂၀၁၀ စတင်ခူး နယုန် ၂၀၁၅ ထွက်နှုန်း မှန်ဆက်လက်ခူးသွားရသည်	မြင့်	လတ်	၃နှစ်သားအရွယ်မှစတင်ခူးရပြုစုပျိုးထောင်စရိတ်များခူးဆွတ် ပြီး ၅ နှစ်အရွယ်မှစ၍ ထွက်နှုန်းမှန်တပေါင်းလမှ ကဆုန်ထိလက်ဘက်ခြောက်ပြုလုပ် (၃လ) နယုန်လမှ တန်တောင်မုန်းထိလက်

သီးနှံ	ဇာတ	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
									ဖက်စိုပြုလုပ်(ဖလ)နတ်တော်လမှတပို့တွဲလထိနား (၃လ)
ခရမ်းချဉ်သီး	၂၀		၂၃၅၀	၂၄၅၀	၂၄၀၀	တပို့တွဲမှ ဝါဆိုလ	လတ်	မြင့်	၂နှစ်ဆက်တိုက်စျေးကောင်းရပါသည်။ စျေးကောင်းမရပါကရုံး။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ စိုက်ပျိုးပါသည်။ ၂၀၁၅ ခုနှစ်က စီမံကိန်းမှ စမ်းသပ်စိုက်ပျိုးရာအောင်မြင်သဖြင့် ဒေသမျိုးစိုက်ပျိုးခြင်းမပြုတော့ပါ။ စိုက်ပျိုးရေးဌာန နှင့်ပူးပေါင်း၍ နည်းစနစ်နှင့် ပိုးသတ်ဆေးတို့ကိုဌာနနှင့်ချိတ်ဆက်၍ မှာယူပြီး စိုက်ပျိုးကြပါသည်။ သုတေသနခြံများနှင့်လည်းချိတ်ဆက်ကာ လိုအပ်သောနည်းပညာများ ရယူကြပါသည် ၂၀၁၀ ခုနှစ်တွင် စံပြ စိုက်ကွက်မှ တောင်သူ (၃)ဦး စိုက်ပျိုးမှု အောင်မြင်လာ၍ ကျေးရွာတစ်ရွာလုံး ရွေရင်အေးမျိုးကို အသုံးပြုလာကြပါသည်။ မြေပြင်ခ၊ ပျိုးထောင်ပျိုးကြဲ၊ သမန်းနယ်၊ ပျိုးနှုတ်၊ ဓါတ်မြေဩ ၊ နွားချေး၊ မြေအောင်းပိုးသတ်ဆေး အပါအဝင် ရိတ်သိမ်းသည် အထိ ကုန်ကျစရိတ် (၃၅၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထွက်နှုန်းမှာ တင်း (၈၀) ထွက်ရှိ၍ မျိုးတစ်တင်းချန်ပြီး ပြန်ရောင်းချပါက တစ်တင်း (၇၀၀၀)နှုန်းဖြင့် ရရှိငွေစုစုပေါင်း ရရှိငွေ (၅၅၃၀၀၀) ကျပ်ဖြစ်၍ အမြတ်ငွေ (၂၀၅၅၀၀)ကျပ်ရရှိပါသည်။ ရာသီဥတု အခြေ အနေ ၊ မြေဆီဩဇာ ထက်သန်မှု ၊ သဘာဝမြေဩဇာများစနစ်တကျထည့်ပါက တင်း (၁၀၀) အထိ ထွက်ရှိ နိုင်ပါသည်။ စျေးကွက်အနေဖြင့် ပင်းတယပွဲရုံနှင့် သီးနှံပွဲစားများရွာအထိလာရောက် ဝယ်ယူကြပါသည်။

လက်ဖက်စိုက်ပျိုးခြင်းကို ဒုတိယဦးစားပေးသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ မိုးရာသီတွင် လက်ဖက်အစိုကို သာလျှင်ထုတ်လုပ်ပြီး ၊ ဆောင်းရာသီတွင် လက်ဖက်ခြောက် ထုတ်လုပ်ပါသည်။ လက်ဖက် စိုက်ပျိုးရာတွင် မိုးရေဖြင့်သာ စိုက်ပျိုးကြပါသည်။ နှစ်ရှည်ပင်ဖြစ်ပြီး အပင်ပြုစုထိန်းသိမ်းပေးရပါသည်။ တစ်နှစ်လျှင် (၇) ကြိမ်ခန့် ခြံရှင်းလင်းရ၍ ပျိုးထောင်သော (၇)နှစ်အတွင်း အမြတ်မရရှိပါ။ သို့သော် လုပ်အားခနှင့် ပြန်တွက်ပါက စိုက်ဇကများမှသာလျှင် အမြတ်ရရှိပါသည်။

ဈေးကွက်မှာ ပုံမှန်ဖြစ်ပါသည်။ ခြံပြုစုခ ၊လုပ်အားခ ကာမိရုံသာ ရရှိပါသည်။ စတင်စိုက်ပြီး (၇)နှစ်အကြာတွင် ခူးဆွတ်ရပြီ ဖြစ်ပါသည်။ လက်ဖက် (၁) ဧကလျှင် အပင် (၁၄၀၀) ရှိ၍ တစ်ဧကပျှမ်းမျှ လက်ဖက်အစို (၂၀၀) ပိသာ ထွက်ရှိ၍ (၁)ပိသာလျှင် ငွေကျပ် (၁၂၀၀) ရရှိ၍ လက်ဖက်ခြောက်မှာ (၇၀) ပိသာ ထွက်ရှိပြီး တစ်ပိသာ ငွေကျပ် (၄၀၀၀)ကျပ်ရရှိပြီး ရောင်းချ ရာတွင် ပင်းတယအထိသွားရောက်ရောင်းချကြပါသည်။ ရွာအထိလာဝယ် သော သီးနှံပွဲစားများ လည်း ရှိပါသည်။

ခရမ်းချဉ်သီးကို ဆောင်းရာသီတွင်စိုက်ပျိုးကြပြီး၁က (၁၀၀) နီးပါးစိုက်ပျိုးကြပါသည်။ မျိုးမှာ (၉၀၉)ထိုင်ဝမ်မျိုးဖြစ်ပြီး တစ်ထုတ်လျှင် (၈၀၀၀) ကျပ်ဖြစ်ပြီး ပထမအကြိမ်တွင် မျိုးကြဲပြီး အသီးမယူဘဲ (၁)လအကြာတွင် မျိုးကိုပြန်ယူကြပါသည်။ ၄င်းမျိုးကိုပြန်ကြဲပြီးမှ ပျိုးပင်အဖြစ်ပြန် ယူပြီး မျိုး (၁) ဧက လျှင် နို့ဆီဗူး (၁)ဗူးခွဲ ပျိုးရွှေ့စိုက်ကြပါသည်။ တပို့တွဲလတွင်စတင်စိုက်ပြီး ဝါဆို လတွင် ရိတ်သိမ်းကြပါသည်။ အထွက်နှုန်းမှာ ပျှမ်းမျှ(၂၄၀၀)ပိသာဖြစ်၍ စုစုပေါင်းကုန်ကျ စရိတ် (၂၀၀၅၀၀) ကျပ်ဖြစ်ပြီး၊ တစ်ပိသာလျှင် (၃၅၀) ကျပ်ဈေးဖြင့် (၈၄၀၀၀) ကျပ်ရရှိပြီး၊ အမြတ်ရရှိ ငွေ (၆၁၄၀၀၀) ကျပ်ဖြစ်ပါသည်။ ဈေးကွက်မှာ ပင်းတယပွဲရုံနှင့် သီးနှံပွဲစားများ ရွာအထိလာရောက် ၍ ဝယ်ယူကြပါသည်။

တူးမြောင်းအနီးဝန်းကျင် တစ်လျှောက် ငရုတ်၊ ခရမ်း၊ တိုင်ထောင်ပဲစသည်တို့ကို အိမ်ထောင်စု (၃၀) ခန့်မှ အိမ်စားသုံးရန် စိုက်ပျိုးကြပါသည်။ ထို့အပြင် ကွမ်းကို ယခင်က (၄-၅) ဦးခန့်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအချိန်တွင် (၁) ဦးသာ စိုက်ပျိုးပါတော့သည်။ ကွမ်းတွင် ရောဂါ ဆိုးရွားစွာ ကျရောက်မှုရှိသောကြောင့် ဆက်လက်မစိုက်ပျိုးနိုင်ကြသဖြင့် ကျေးရွာသူကျေးရွာ သားများ၏ ဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရရှိမှု အခွင့်အလမ်းကို ထိခိုက်စေပါသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၂၆	-	မိုးရေဖြင့်လယ်စိုက်ပျိုးကုန်းစောင်း မြေဖြစ် သည့်အတွက် လက်တွန်းထွန်စက်အဓိကအသုံးပြု
ရေစုပ်စက်	၂	-	ကောင်း
ခြေနင်းရေတင်စက်	၂	-	ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတစ်ရွာလုံးတွင် လက်တွန်းထွန်စက် (၂၆)စီးရှိပါသည်။ တချို့ တောင်သူများမှာ လက်တွန်းထွန်စက်ကိုငှားရမ်း၍ အသုံးပြုရပြီး (၁)နာရီလျှင် ငှားရမ်းခ (၄၀၀၀) ကျပ်ပေးရပါသည်။မြေပြုပြင်ချိန်များတွင် ကျွဲများကို အသုံးပြုကြရပါသည်။ ခိုင်းနွားကို ယာမြေတွင် အဓိက အသုံးပြု၍ လယ်ယာထုတ်ကုန်သယ်ယူရာတွင်အဓိကအသုံးပြုကြပါသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ရေအရင်းအမြစ်	ရှိ	စိုက်ပျိုးရေအလုံလောက်ရရှိပါက ဆောင်းသီးနှံအဖြစ် လယ်မြေအားလုံးစိုက်ပျိုးနိုင်ပါသည်။ ပန်ဘိန်းရေထွက်တွင် ထပ်မံ၍ဆည်တခုတည်ဆောက်လျှင်ရေအလုံလောက်ရရှိနိုင်။
ဩဂဲနစ်ပိုးသတ်ဆေး	မရှိ	မကာကွယ်နိုင်ပါ။ ယခင်နှစ်ကစပါးသီးနှံဖျက်ပိုးအလွန်အကျွံကျရောက်။ သုံးစွဲရန်အသိရှိသော်လည်း အသုံးမပြုကြပါ။ ပိုးကောင်ငယ်များစားသုံးသော မျိုးစိတ်များမရှိတော့ခြင်းကြောင့် (လိပ် ပြာ ဖား မွေ့ ကြွက် ငှက်)
ချေးငွေရရှိမှု	ရှိ	မြစိမ်းရောင်/ pact Myanmar/ စိုက်ဘဏ်
သွင်းအားစုဈေးကွက်	ရှိ	ပင်းတယဈေးတွင် မျိုးစေ့၊မြေဩာ၊ ပိုးသတ်ဆေးများ ဝယ်ယူရရှိနိုင်၊ သဘာဝမြေဩာများကို နီးစပ်ရာ မြေပြန့်မြို့များမှဝယ်ယူ
ဝန်ဆောင်မှုဈေးကွက်	ရှိ	မျိုးစေ့ကို စိုက်ပျိုးရေးဌာနသို့ဆက်သွယ်ပါသည်။ မြေအောင်းပိုးသတ်ဆေး ဘကျော်ကုမ္ပဏီပင်းတယပွဲရုံ
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ပင်းတယဈေးနှင့် ၅ရက်ဈေးရှိ ကျေးရွာဆန်စက်တွင် ရောင်းချရလွယ်
စိုက်ပျိုးရေရရှိမှု	ရှိ	ရေထွက်ခုမှ တဘက်ရပ်ဆည် ပြုလုပ်ထား။ မိုးသီးနှံရဆောင်းသီးနှံအလှည့်ကျအသုံးပြုရ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ	ရှိ	တိုးချဲ့ရန်မရှိ ။
သွင်းအားစုတတ်နိုင်မှု	မရှိ	အရင်းနှီးမတတ်နိုင်စသူများသည် မြေဩာ၊ပိုးသတ်ဆေးစသည်တို့ကို အကြွေးကြိုယူရ၍သီးနှံပေါ်လျှင်အတိုးနှုန်းကြီးစွာပေးရပါသည်။ (ပင်းတယပွဲရုံနှင့် သီးနှံပွဲစားများ ရွာအထိလာ)

ကျွမ်းကျင်လုပ်သားရှားပါးမှု	မရှိ	မိရိုးဖလာလုပ်ငန်းသာလုပ်ကိုင်၍။
မိုးရေမလုံလောက်မှု	မရှိ	မိုးရာသီတခါတရံမိုးခေါင်၍စိုက်ရေမလုံလောက်။
အစိုးရမူဝါဒနှင့် စီမံချက်အ ထောက်အပံ့များ	မရှိ	လက်လှမ်းမမှီဆက်သွယ်မှုအားနည်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၀	၁၈ကောင်ရှိ၊ သားတိုးမွေးမြူ၊ စီးပွားဖြစ်မွေး မြူ တပိုင်တနိုင်မွေး
ကြွေ	၆၆	လုပ်ငန်းသုံးအတွက်မွေးမြူ၊ လယ်မြေရှိသူ တိုင်းမမွေးမြူနိုင်၊ အချို့အိမ်ထောင်စု ငှားသုံးရ။
ဝက်	၄၃	၅၆ကောင်တပိုင်တနိုင်စီးပွားဖြစ်မွေးမြူ။
ကြက်	၇၇	၃၇၉ ကောင်တပိုင်တနိုင်မွေးမြူစားသောက်ရန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ	ရွာပိုင်သစ်တောမြေနှင့်မိမိပိုင်ခြံဝင်း။
ရေရရှိမှု	ကျွဲနွားသောက်ရေကန်ရှိပါသည်။ လယ်ကွက်များတွင်လည်း သောက်ပါသည်။
ချေးငွေ	မြစိမ်းရောင်အဖွဲ့
သွင်းအားစုဈေးကွက်	တိရစ္ဆာန်အတွက် လိုအပ်သော ဆေး၊ အစာများ အောင်ပန်းတွင် အလွယ်တကူရရှိ။
ဝန်ဆောင်မှုဈေးကွက်	တိမွေးကုဆရာဝန်၊ ပင်းတယမှလာပါသည်။ လိုအပ်လျှင်ခေါ်၍ရ။
ထုတ်ကုန်ရောင်းဝယ်မှု	ရပ်စောက်နယ်ဘက်တွင်သွားရောက်ရောင်းချပါသည်။ နွားပွဲဈေးရှိ၊ ဝက်အိမ်တွင် လာရောက်ဝယ်ယူ။
အိမ်ခြံဝင်းအတွင်း	လုံလောက်မှုအသင့်အတင့်ရှိ။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မြေနေရာရှိမှု လိုင်စင်	လက်လှမ်းမှီမှုရှိပါသည်။သို့သော်သားမသတ်ရဲ့၍မယူပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	ချေးငွေအလွယ်တကူရရှိနိုင် ၊ လုံလောက်စွာမရ။
မွေးမြူရေးနှင့်ကုသရေးဆိုင်ရာဗဟုသုတ	မျိုးကောင်းမျိုးသန့်နှင့်ကျန်းမာရေးဗဟုသုတမရှိခြင်း
ဝန်ဆောင်မှုဈေးကွက်	သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ဆက်သွယ်မှုအား နည်းခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး	၆			ပဲပုတ်လုပ်ငန်း
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၄	၁၀		ပန်းရံ၊လက်သမားဆရာနှင့် နောက်လိုက်များ
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	၁			ဆိုင်ကယ်ပြင်ဆိုင်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၃			အိမ်ဈေးဆိုင်၊ကုန်စုံဆိုင်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ် ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၂			စက်မောင်း (ထော်လာဂျီ၊ လက်တွန်းထွန်စက်)
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်း များ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင် များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ)				
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	**၁၆**	**၁၀**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ပဲပုတ်လုပ်ငန်းလုပ်ကိုင်သူ (၆) ဦးရှိပြီး၊ တပိုင်တနိုင်သာလုပ်ကိုင်ကြပါသည်။ ပဲပုတ်လုပ်ရန် ပဲကို ပင်းတယဈေးတွင် ဝယ်ယူရပါသည်။ ယခင်က မိရိုးဖလာလုပ်ငန်း တစ်ခုဖြစ်သော်လည်း ယခုအခါ ထင်းရှားပါးခြင်း၊ ပဲပုတ်ကြိတ်ရန် ကြိတ်စက်မရှိခြင်း၊ ဈေးကွက်နည်းခြင်း တို့ကြောင့် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ခြင်းမရှိတော့ပေ။ ကုန်ကျစရိတ်များပြီး အမြတ်ရရှိမှုနည်းပါး ၍ တပိုင်တနိုင်သာ လုပ်ကိုင်ကြပါတော့သည်။

လက်သမား၊ပန်းရံဆရာ(၄)ဦးရှိပြီး နောက်လိုက် (၁၀) ဦး ရှိပါသည်။ ပန်းရံနှင့်လက်သမားကို ပူးတွဲ၍ လုပ်ကိုင်ကြပါသည်။ တစ်နေ့လုပ်အားခ မှာ ခေါင်းဆောင် (၅၀၀၀) ကျပ်ရရှိပြီးနောက်လိုက် (၃၅၀၀)ကျပ်ရရှိပါသည်။ တစ်လလျှင်ပျမ်းမျှ ရက်ပေါင်း (၂၀) ခန့် လုပ်ရပါသည်။ တစ်နှစ်လျှင် (၄)လခန့်သာ လုပ်ရပါသည်။ လယ်ယာလုပ်ငန်းခွင် သိမ်းပြီးချိန်တွင် လုပ်ကိုင်ကြပါသည်။ လုပ်ငန်းတိုးတက်ရန်အတွက်နည်းပညာနှင့် လက်သမားသုံးပစ္စည်းများ အစုံအလုံမရှိပါ။ အလုပ်ကြမ်း လုပ်သားများအဖြစ်မိမိရွာအတွင်းနှင့် အနီးအနားရွာများသို့နေ့စား သွားရောက်လုပ်ကိုင် ကြပါသည်။ လက်သမားနောက်လိုက်များအနေဖြင့် လုပ်ငန်းသုံးပစ္စည်းကိရိယာ စုံလင်မှုသာ ခေါ်ယူလေ့ရှိပြီး တစ်ခါတစ်ရံ လက်သမားဆရာမှ အရင်းအနှီး စိုက်ထုတ်ဝယ်ယူပေး၍ လုပ်အားဖြင့် ပြန်ဆပ်ရလေ့ရှိပါသည်။ သို့သော် အားလုံးအနေဖြင့် ပစ္စည်းကိရိယာ ဝယ်ယူရန် အရင်းအနှီး မတတ်နိုင်ကြပါ။

နေ့စား(၃၀)ဦးရှိ၍လဖက်ခူး၊ခရမ်းချဉ်သီးခူး၊ကောက်စိုက်၊ပျိုးနှုတ်၊ကောက်ရိတ်၊ပေါင်းသင်၊ မြေဆွခြင်း လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ တစ်နေ့လုပ်အားခ (၁၅၀၀-၂၀၀၀) ကျပ်ရရှိ၍ တစ်လလျှင် ရက်ပေါင်း(၂၀)ခန့် အလုပ်လုပ်ရပါသည်။ ကောက်စိုက်/ရိတ်ခြင်းမှာ တစ်နေ့ (၃၀၀၀) ကျပ်ရရှိပြီး ရာသီချိန်တွင်သာ လုပ်ရပါသည်။ နေ့စားလုပ်ကိုင်သူအိမ်ထောင်စုများ၏ တစ်နှစ်ဝင်ငွေမှာ (၇၅၀၀၀၀၀) ကျပ်ခန့်သာရှိပါသည်။ မိသားစုပိုမိုအဆင်ပြေစေရန်အတွက် မွေးမြူရေး လုပ်ငန်း(ဝက်၊ဒေသကြက်) လုပ်ကိုင်လိုသော်လည်း အရင်းအနှီးမရှိကြပေ။ အရင်းအနှီးရှိပါက မွေးမြူရေး လုပ်ငန်း ပြုလုပ်ပြီး မိသားစုဝင်ငွေတိုးလာနိုင်ပါသည်။

စက်မောင်းလုပ်ငန်းလုပ်ကိုင်သူ (၂) ဦးရှိပြီး ထော်လာဂျီ၊လက်တွန်းထွန်စက်များ မောင်းပါသည်။ ရွာတွင်းနှင့် ရပ်စောက်နယ်တွင် သွားရောက်လုပ်ကိုင်ကြပါသည်။ တစ်နာရီလျှင် (၄၀၀၀) ကျပ်ရရှိပါ သည်။ သီးနှံစိုက်ပျိုးချိန်တွင် သာ လုပ်ရပြီး တစ်နှစ်လျှင် ပျမ်းမျှ နာရီ (၂၀၀)ခန့် လုပ်ရပါသည်။ပိုင်ရှင် က လက်တွန်းထွန်စက်ပေးပါသည်။ စိုက်ပျိုးချိန်ကုန်ပါက ထော်လာဂျီ အငှားမောင်းပါသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
• အသက်မွေးဝန်း ကျောင်းပညာရပ်များကိုသင်ယူလို စိတ်ရှိကြခြင် • လုပ်သားအင်အား ပေါများခြင်း • အသေးစားတန်ဖိုး မြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းများ ရှိနေခြင်း • ပန်းရံ၊ လက်သမား လုပ်ကိုင်သူများ သည်အခြားကျေးရွာ များအထိ သွားရောက်လုပ်ကိုင် နိုင်ခြင်း။	• အဆင့်မြှင့်လက် သမားသုံးပစ္စည်းများကိုဝယ်ယူနိုင် မှုမရှိခြင်း • တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်နိုင်ရန် အရင်းအနှီး လိုအပ်ခြင်း • အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် မကျွမ်းကျင်ခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ပင်းတယ(၉)မိုင်	အောင်ပန်း(၃၃)မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်း နှင့် ၎င်း၏အထောက်အပံ့များ	ထော်လာဂျီ၊ ဆိုင်ကယ်	ထော်လာဂျီ၊ဆိုင်ကယ်
ကုန်စည် အမျိုးအစားနှင့်ဝန်ဆောင် ပေးနိုင်မှု	(စိုက်ပျိုးရေးပစ္စည်း၊ အစားအစာ၊ အဝတ်အစားအစာ)	အမယ်မျိုးစုံ(အစားအစာ၊အဝတ်အစား၊ စိုက်ပျိုးရေး ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံးပစ္စည်းစသည်ဖြင့်)
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်း	၂ထပ်ဈေး၊ RC

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မြင်းမူးကျေးရွာသည် စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင်းထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ပင်းတယဈေးသို့လည်းကောင်း၊ အောင်ပန်းဈေးသို့ လည်းကောင်း ပို့ဆောင်ပေးပြီး ပွဲစားများမှလည်းကျေးရွာအရောက်လာရောက် ဝယ်ယူလေ့ရှိသဖြင့် ဈေးကွက် အနေအထား အတော်အတန်ကောင်းမွန်ပါသည်။

၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
စိုက်ပျိုးရေးဘဏ်	ချေးငွေ	၆လ	၀.၄၂%	လယ်ယာမြေပုံစံ(၇)	စိုက်ချိန်အချိန်မီမရ
UNDP အသေးစားချေးငွေအဖွဲ့	ချေးငွေ	၆လ (စိုက်ပျိုးရေး၊ အရောင်းအ၀ယ်) ၁ နှစ် (မွေးမြူရေး)	၂.၅ %	အဖွဲ့၀င်အချင်းချင်းအာမခံပေးရခြင်း။	မရှိ
မြစိမ်းရောင်အဖွဲ့	ချေးငွေ	သက်မွေး၀မ်းကျောင်း	၁.၅၀%	၇ဖွဲ့ရှိ၊ အဖွဲ့၀င်အချင်း	လွယ်ကူ

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
ငွေချေးပေးသူ	ချေးငွေ	ကဏ္ဍာ ၆-၁၂ လ	၅%	ချင်းအာမခံပေးရခြင်း မပေးရ	လိုသလောက် မရခြင်း။
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	မသတ်မှတ်	၁ လ	မပေးရ	ခက်ခဲမှုအနည်းငယ်ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးဘဏ်ချေးငွေအဖွဲ့တွင် အဖွဲ့ဝင်(၇၀) ဦးခန့်ရှိ၍ ဦးဆောင်ဦးရွက် ပြုလုပ်သူအုပ်ချုပ်ရေးမှူး (၁) ဦး၊ အတွင်းရေးမှူး(၁) ဦး ရှိပါသည်။ စိုက်ဘဏ်နှင့်ဆက်သွယ်မှုအနေဖြင့် ငွေမထုတ်ချေးခင် (၃)ကြိမ်ဆက်သွယ်၍ ပြန်ဆပ်ချိန် (၂)ကြိမ် ဆက်သွယ်မှုရှိပါသည်။ နှစ်စဉ်ချေးယူကြပါသည်။ ပုံစံ (၇) အခက်ခဲကြောင့် လယ်သမားတိုင်းအား မထုတ်ချေးပါ။ ချေးငွေအနည်းဆုံး (၁) ဧက လျှင် (၁၀၀၀၀၀) ကျပ်နှုန်းဖြစ်ပြီး၊အများဆုံး (၁၀၀၀၀၀၀) ကျပ်ဖြစ်ပါသည်။

၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

အကြောင်းအရာ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	မြင့်မား	တောင်စောင်းမြေများတွင်မြေဆီလွှာထိန်းသိမ်းသည့်စနစ်မသုံးဘဲ စိုက်ပျိုးနေသည့်အတွက် မြေဆီလွှာတိုက်စားမှုများခြင်း
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	မြင့်မား	ဓာတုပိုးသတ်ဆေးများ မဆင်မခြင်သုံးစွဲခြင်း
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	အမှိုက်ကျင်းတွင်ထည့်၍ မီးရှို့။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချ ရေး အစီအမံများ

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျော့ချရေးအလေ့အ ကျင့်များ
ရေလွှမ်းမိုးခြင်း	လတ်	မိုးကြီးလျှင်ကမ်းပါးမှကျ သောရေများသည်ချောင်း အတွင်းစီးဝင်ပြီးတခါတ ရံရေကြီး	မရှိ။
မီးဘေး	နည်း	ဖြစ်ပွားမှုနည်း	ကျေးရွာအတွင်း စနစ် တကျကာကွယ်မှုများရှိ
မိုးခေါင်ခြင်း	များ	မိုးဦးကာလ	မရှိ။
အအေးလှိုင်း	လတ်	ဆောင်းဥတုတွင်တခါတရံ အအေးလှိုင်းဖြတ်မှု ဖြစ်။	ကြိုတင်ကာကွယ်မှုမရှိ ။
တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နည်း	ရာသီအလိုက်ဖြစ်ပွား။	ကျွဲနွားများအတွက် ပင်းတယတိမ္မေးကုဦး စီးဌာန နှင့်ချိတ်ဆက်၍ ကာကွယ်ဆေးများရရှိ။
လူရောဂါဖြစ်ပွါးမှု	နိမ့်	ကျန်းမာရေးဗဟုသုတအ သင့်အတင့်ရှိ	ပတ်ဝန်းကျင်သန့်ရှင်း ရေး၊ တကိုယ်ရေသန့် ရှင်းရေးရှိကြသည်၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအနီးတဝိုက်တွင် သစ်တောများရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပျိုးဥယျာဉ် ၊ပျိုးပင်များကို သစ်တောဦးစီးဌာနက လာရောက် ပေးအပ်ခဲ့၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသင်တန်းများ ပို့ချပေးခဲ့ပါသည်။ ယူကလစ်ပင်၊ အော်ရစ်ရှားပင်တို့ကို အဓိကစိုက်ပျိုးပါသည်။

၂.၆ ပညာရေး

၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက်၊ ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၄	၄	၈	၁.၆%
ဘာသာရေးအခြေပြုပညာရေး	၃၃	၂၀	၅၃	၁၀.၅%
မူလတန်းပညာရေးမပြီးဆုံးမှီ ကျောင်းထွက်သူဦးရေ	-	-	-	-
မူလတန်းပညာရေးပြီးဆုံးသူများ	၁၆၄	၁၈၂	၃၄၆	၆၈.၇%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၄၃	၃၃	၇၆	၁၅.၀%
အထက်တန်းပညာရေးပြီးဆုံးသူများ	၉	၉	၁၈	၃.၆%
တက္ကသိုလ်ပညာပြီးဆုံးသူများ	-	၃	၃	၀.၆%
၉ နှစ်အထက်လူဦးရေပေါင်း	၂၅၃	၂၅၁	၅၀၄	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၂၁	၂၃	၄၄	၈၉.၈%
အလယ်တန်း (၁၀-၁၄နှစ်)	၁၈	၁၉	၃၇	၅၈.၇%
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၆	၅	၁၁	
တက္ကသိုလ်ကျောင်းသား/သူ	၅	၅	၁၀	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာအတွင်း	ကျေးရွာအတွင်း
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေကျင်	ခြေကျင်

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်)	၂၄x၁၄x၁၀(ခန်းမကျယ်)			၄၅x ၂၂x ၁၂ (၂) ခန်းတွဲ ၆၀x ၃၀x ၁၂(၃) ခန်းတွဲ		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊အုတ်ကာ၊ အုတ်ခင်း			၂ထပ်ဆောင်၊ သွပ်မိုး ၊ အုတ်ကာ၊ ကွန်ကရစ်ခင်း		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လုံလောက်မှု မရှိ			လုံလောက်မှုမရှိ		
ကျောင်းဆရာ/မဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
	၂	၅	၇	-	၂	၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ညောင်ကောက်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်းရှိပြီး ကျေးရွာအတွင်း၌ တည်ရှိပါသည်။ ဆရာ/မဦးရေ ကျား (၂) ဦး ၊မ (၅) ဦး ရှိပါသည်။ အုပ်စုကျေးရွာကျောင်းဖြစ်ပြီး ပတ်ဝန်းကျင်ရွာများမှ ကျောင်းသားများလည်း လာရောက်တက်ရောက်ကြပါသည်။ ယခုဖော်ပြထားသော လက်ရှိကျောင်းတက်ရောက်နေသော စာရင်းမှာ ညောင်ကောက်ကျေးရွာ တစ်ရွာတည်း၏ စာရင်းဖြစ်ပါသည်။ ကျောင်းဆောင် (၃) ဆောင်ရှိပြီး (၁)ဆောင်မှာ ရုံးခန်းနှင့် ဆရာ များ နားနေဆောင် ပြုလုပ်ထားပါသည်။ ကျန်သည့်အဆောင် (၂) ဆောင်တွင် သာစာသင်ခန်း အဖြစ် အသုံးပြုထားပါသည်။ ကျောင်းသားအရေ အတွက်နှင့်ကြည့်လျှင် ကျောင်းဆောင် လုံလောက်မှု ရှိသော်လည်း အတန်းအလိုက် ခွဲခြားလိုက်လျှင် သူငယ်တန်းမှ သတ္တမတန်းအထိ အတန်း(၈) တန်းရှိ သဖြင့် ကျောင်းဆောင် လုံလောက်မှု မရှိပါ။ မူလတန်းကလေးများမှာ ရာသီဥတု ကောင်းလျှင် စိန်ပန်းပင်၊ အင်ကြင်းပင် အောက်၌ စာသင်ကြရပါ သည်။ မိုးရွာသောအခါ အတန်းများ ပူးပေါင်း၍စာသင်ကြရသဖြင့် အဆင်မပြေဖြစ်ပါသည်။ ကျောင်းတွင် စာကြည့်တိုက်မရှိပါ။ ကျောင်းသား အရေအတွက်နှင့် ဆရာအရေအတွက် မလုံလောက်ပါ သဖြင့် ရွာမှ ရုံပုံငွေကောက်ခံပြီး ကျောင်းဆရာတစ်ဦး ငှားရမ်းထားပါသည်။ဆရာ/မများ နေထိုင်ရန် အတွက်ဝန်ထမ်းအိမ်ယာ သီးသန့်မရှိသေးပါ။ ကျောင်းပရိဘောဂများ၊ စာရေးခုံ၊ထိုင်ခုံများ လုံလောက်မှုမရှိပါ။ ကျောင်းသောက် ရေကန်မရှိသေးပါ။ ကျောင်းသားများမှာ ကျောင်းသားမိဘများ အိမ်တွင်အလှည့်ကျ သောက်သုံးရေ ခပ်ကြ ရပါသည်။

ကျောင်းအိမ်သာမှာ (၂) ခန်းတွဲ တစ်လုံးနှင့် (၁) ခန်းတွဲ တစ်လုံးရှိပြီး၊ ၂ခန်းတွဲတစ်လုံးမှာ ဆရာ/မ များ အသုံးပြု၍ ကျောင်းသားများအသုံးပြုရန် တစ်ခန်းအိမ်သာတစ်လုံးသာရှိ၍ ကျောင်းအိမ်သာ လိုအပ်လျက် ရှိပါသည်။

ကျောင်းသားကျောင်းသူများ ကစားရန် အားကစားကွင်းမရှိပါ။ အားကစား ပြုလုပ်ရန်အတွက် မြေနေရာမလုံလောက်ပါ။ ကျောင်းခြံစည်းရုံးကိုဝါးဖြင့် ခတ်ထားရပြီး (၁) နှစ်တစ်ကြိမ် ပြန်လည်ပြုပြင်ရပါသည်။ မသန်စွမ်းကလေးတစ်ဦးရှိပြီး ဒုတိယတန်းတွင် တက်ရောက်လျှက် ရှိပါသည်။ ဆင်းရဲချို့တဲ့သောမိသားစု များမှာနေ့စားခ ကြိုယူပြီးကျောင်းဝတ်စုံနှင့် အခြားလိုအပ်

သောပစ္စည်းများဝယ်ယူရပါသည်။ ကျောင်းကော်မတီ၊မိဘဆရာအသင်းရှိပြီး ကလေးများအား အာဟာရကျွေးမွေးခြင်း၊ ကျောင်းသား စုံညီပွဲတော်ပြုလုပ်ခြင်း၊ အားကစားပွဲများ၊ ပညာရည်ချွန်ဆုပေးပွဲများ၊ ပြုလုပ်ပေးပါသည်။ အလယ်တန်း ကျောင်းအောင်မြင် သောကလေးများမှာ ရွာမှ (၅) မိုင် ခန့်ဝေး သော မိုင်းအင်ကျေးရွာ ရှိအထက်တန်း ကျောင်းသို့ သွားရောက် တက်ရောက်ရ ပါသည်။

၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	အလယ်တန်း ဆရာ/မလုံလောက်မှုမရှိသဖြင့် ရွာမှရံပုံငွေကောက်၍ ဆရာ(၁)ဦး ငှားရမ်းသော်လည်း လိုအပ်လျက်ရှိနေသေးသည်။
တပည့် - ဆရာ အချိုး	၁၂
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	ကလေး(၁)ဦးရှိပြီး ဒုတိယတန်းတွင် တက်ရောက် ပညာသင်ကြားလျက်ရှိပါသည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	ကျောင်းသားအနည်းငယ်မှာစာအုပ်၊စာရေးကိရိယာမလုံလောက်ပါ။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	နေ့စားခကြိုတင်ယူပြီး စာရေးကိရိယာ၊ ကျောင်းဝတ်စုံ များဝယ်ပေးရ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	အာဟာရကျွေးမွေးခြင်း၊ တစ်နှစ်တစ်ကြိမ်ကျောင်းခြံစည်းရိုးခတ်ပေးခြင်း၊ ပညာရည်ချွန်စုပေးပွဲပြုလုပ်ပေးခြင်း၊ကျောင်းသားစုံညီပွဲတော် ၊အားကစားပွဲများပြုလုပ်ပေးခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၇ ကျန်းမာရေး နှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁.သွေးတိုး	၂.ဆီးချို	၃.အစာအိမ်	၄.ဒူးနာ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ညောင်ကောက်ကျေးရွာတွင်အဖြစ်များသောရောဂါများမှာ သွေးတိုးရောဂါဖြစ်ပြီးလူကြီးလူငယ်အဖြစ်များ ကြပြီး ဆီ၊ ဆား၊ အချိုမှုန့်များ အစားများသောကြောင့် အဓိကဖြစ်သည်ဟုယူဆကြပါသည်။ ဒုတိယအဖြစ်များသောရောဂါမှာ ရာသီတုပ်ကွေးရောဂါဖြစ်ပြီး ရာသီကူးပြောင်းကာလများတွင် အဖြစ်များပါသည်။ တတိယအဖြစ်များသောရောဂါမှာ ဝမ်းပျက်ဝမ်းလျော

ရောဂါဖြစ်ပြီး စိမ့်စမ်းရေသောက်ရသောကြောင့်လည်းကောင်း၊ ရေကိုကြိုချက်သောက်လေ့ မရှိသော ကြောင့်လည်းကောင်း၊ အစားအသောက် မသန့်ရှင်းသောကြောင့်လည်း ကောင်းဖြစ်လေ့ရှိပါသည်။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလိုမီတာ)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	ကျေးရွာတွင်း	မရှိ	သူနာပြု..-၁ ဦး.. သားဖွားဆရာမ - ၁ ဦး.....	လုံလောက်မှုမရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး သူနာပြုဆရာမ(၁)ဦးနှင့် သားဖွား ဆရာမ(၁)ဦး ရှိပါသည်။ အများအားဖြင့် သွေးတိုး၊ ဆီးချို၊ အစာအိမ်၊ ဒူးနာ ရောဂါများအဖြစ် များပြီးပြင်းထန်ပါက ရွာမှ (၉) မိုင်ခန့်ဝေးသော ပင်းတယဆေးရုံ၌ သွားရောက်ကုသကြပါသည်။ ကိုယ်ဝန်ဆောင်နှင့် (၁)နှစ်အောက်ကလေးသေဆုံးမှုနှင့် အသက်အန္တရာယ်ကျရောက်မှုမရှိပါ။ (၅)နှစ် အောက် ကလေးများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ကိုယ်ဝန်ဆောင်စောင့်ရှောက်ပေးခြင်းများ ရှိပါသည်။ ဆေးများကို စနစ်တကျ ထားရှိပါသည်။ အအေးခန်းမရှိပါ။

ဆေးပေးခန်းအဆောက်အဦးမှာ သွပ်မိုး၊အုပ်ကာ၊အင်္ကတေခင်းဖြစ်ပြီး (၂၂) ပေပတ်လည်ရှိပါသည်။ အခန်းအတွင်း မွေးလူနာ ကုတင်၊စားပွဲ၊ကုလားထိုင်၊ဗို့ရှိစသည့် ပရိဘောဂများ လိုအပ်နေပါသည်။ ဆေးခန်းခြံစည်းရိုးကို ဝါးဖြင့်ခတ်ထားပါသည်။ ယခင်က ငှက်ဖျား ရောဂါဖြစ်ပွားခဲ့ပြီး (၁၉၉၃) ခုနှစ်မှ စ၍ ကျဆင်းခဲ့ကာယခုအခါ ဖြစ်ပွားခြင်းမရှိတော့ပါ။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေ ရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁၂	ကောင်း		လုံလောက်	လုံလောက်	
ရေထွက်မြောင်	၂	ကောင်း		လုံလောက်	လုံလောက်	
မိုးရေလှောင်ကန်	အိမ်တိုင်းနီးပါး	ကောင်း		လုံလောက်		
စိမ့်စမ်းရေသွယ်တန်းခြင်း	၂	ကောင်း	လုံလောက်	လုံလောက်	လုံလောက်	(၁)ခုမှာကျေးလက်ဦးစီးမှဆဲပြုပြင်ဆဲ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ပန်ဘိန်းရေထွက်နှင့် ဖောင်းကိုင်းရေထွက် (၂) ခု ရှိပြီး၊၁၉၉၅-၁၉၉၆ ခုနှစ် တွင် UNDP (ရေရရှိရေးစီမံကိန်း)က ကျေးရွာနှင့် (၂) မိုင် ခန့်ဝေးသော ဖောင်းကိုင်းရေထွက်မှ စိမ့်စမ်းရေသွယ်ယူပေးခဲ့ပါသည်။ ၄င်းရေထွက်မှာ မိုးရာသီ နှင့်ဆောင်းရာသီ တွင်သာ အသုံးပြုနိုင်ပါ သည်။ ပန်ဘိန်းရေထွက်မှာ ကျေးရွာမှ (၂) မိုင် ခန့်ဝေးပြီးကျေးလက်ဦးစီးက ၂၀၁၄ ခုနှစ် တွင် စိမ့်စမ်းရေသွယ်ယူခြင်း ပြုလုပ်ပေးခဲ့ပါသည်။ ၄င်းကို နွေ၊မိုး၊ဆောင်း အသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်း ရေတွင်း (၁၂) တွင်းရှိပြီး ၄င်းရေတွင်းများမှာလည်း မိုးရာသီနှင့် ဆောင်းရာသီ တွင်သာ အသုံးပြနိုင်ပါသည်။ ဖောင်းကိုင်းရေထွက်မှာ ယခုနှစ် မိုးဦးကျကာစတွင် မိုးကြိုးပြိုး ရေတိုက်စားသဖြင့် ရေစစ်ကန်အတွင်းသို့ သဲနုန်းများဖုံးလွှမ်းနေပြီး ရေပိုက်လိုင်းများပျက်စီးကာ ရေ သွယ်ယူခြင်း မရရှိတော့ပါ။ ပန်ဘိန်းရေထွက်မှ စိမ့်စမ်းရေသွယ်ယူခြင်းတစ်ခုသာ အသုံးပြုနိုင် တော့သည်။ အိမ်ခြေ (၅) အိမ် လျှင်ရေတိုင် (၁) ခုဖြင့် ပြုလုပ်ထားပါသည်။ ရွာတွင်း၌ မိုးရေသို လှောင်ကန် မှာ အိမ်တိုင်းနီးပါး ရှိပါသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သောအိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၃၀	ကျန်းမာရေးဗဟုသုတရှိ
ကျင်းအိမ်သာ	၁၀	အိမ်သာဆောက်လုပ်ရန်
		ငွေကြေးအခက်အခဲရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ အသုံးပြုကြပြီး၊ အိမ်ခြေ အနည်းငယ်ခန့်မှာ ကျင်းအိမ်သာ အသုံးပြုကြပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးလည်း အသင့်အတင့် ရှိကြပါသည်။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	ရာသီအလိုက် သုံးစွဲနိုင်မှု တစ်နှစ်ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
လမ်း	၁	ဆိုး	ရွာစတည်	-	√	၁၅၀၀၀
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၄	-	√	၁၇၀၀
						၂၀၀၀

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
ရေပြွန်	၄	ဆိုး		-	√	၁၅၀၀

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်း ရွာလယ်လမ်းမကြီးမှာ မြေသားလမ်းဖြစ်ပြီး ပေ(၁၅၀၀) ကျော်ရှည်ပါသည်။ မိုးရာသီသွားလာရခက်ခဲပြီး ကျောက်ချောလမ်းခင်း၍ ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ ၂၀၁၂ခုနှစ်တွင် လွတ်တော်ကပေ (၂၀၀၀) ရှိသော ဘုန်းကြီးကျောင်းသို့သွား သောချဉ်းကပ်လမ်းအား ကျောက်ချော လမ်းခင်း ပေးခဲ့ပါ သည်။ ကျေးရွာတွင်းတွင်ချဉ်းကပ်လမ်း (၃) လမ်းရှိပါသည်။ ရေပြွန်(၄) ခုရှိ၍ ပြုပြင်ရန်လိုအပ်လျက်ရှိပါသည်။

၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း	–	–	–	–
ပင်လယ်ရေကြောင်း	–	–	–	–

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	မော်တော် ဆိုင်ကယ်	ထော်လာကျီ	ထရုတ် ကား
အရေအတွက်	၆၅	၆	၄

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
ဆိုလာမီး	၁၀၅	ကောင်း	

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
ဒီဇယ်သုံးအင်ဂျင်	၁၀	။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာ၌ မဟာဓါတ်အားလိုင်းမှ မီးမရရှိသေးပါ။ ဆိုလာမီးကိုအဓိက အားထားပြီး သုံးစွဲကြပါသည်။ဓါတ်အားလိုင်းဖြင့်မီးသွယ်ယူရန် ရွာမှ (၂) မိုင်ခန့်ဝေးပါသည်။ အုပ်စုရွာ (၆) စု ပေါင်း၍ မြို့နယ် ထံသို့ ၂၀၁၃ ခုနှစ်ကတည်းကမီးရရှိရန် တင်ပြထားပါသည်။ လျှပ်စစ်မီး မရရှိသေးသည့်အတွက် ကျေးရွာရှိအိမ်ထောင်စုများသည် ချက်ပြုတ်စားသောက်ရန်အတွက် ထင်းကိုသာ အဓိကအားထား၍ အသုံးပြုကြရပါသည်။ သဘာဝသစ်တောများ ပြုန်းတီးလာရခြင်းမှာ လောင်စာ အသုံးပြုသူ အိမ်ထောင်စု ပို၍ များပြားလာခြင်းကြောင့်ဖြစ်ပါသည်။

၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေ အတွက်	၁၂၅	၁၈	၅၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့် တယ်လီနောဆက်သွယ်ရေးလိုင်းအား သုံးစွဲနိုင်ပြီ ဖြစ်ပါသည်။ စလောင်းတီဗီများမှ တစ်ဆင့် တီဗီလိုင်းပေါင်းစုံကို ဖမ်းယူကြည့်ရှုနိုင် ကြပါသည်။ သတင်းစာနှင့်ဂျာနယ်ရောက်ရှိမှုနည်းပါးပါသည်။

၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	မရှိ	ဟာသပြောတ်၊ ဗွီဒီယိုရုံ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများ ပေးခြင်း
အားကစားအဆောင်အယောင်များအား လက်လှမ်းမှီမှု	ရှိ	ကျေရွာအားကစားကွင်း၊ အားကစားပြိုင်ပွဲ၊စသည်တိုင်းတွင် ပါဝင်ခွင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင်ကိုယ်စား

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	လှယ်အဖြစ်ပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း ရိုးရာယဉ်ကျေးမှုထိမ်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအထောက် အပံ့များ
စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု	ရှိ	စာကြည့်တိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ညောင်ကောက်ကျေးရွာရှိလူငယ်များသည် လူမှုရေးလုပ်ငန်းများအနေဖြင့် အလှူပွဲများပြုလုပ်ရာတွင် ရွာဘုံပစ္စည်းများ ငှားရမ်းပေးခြင်း၊ ထိန်းသိမ်းခြင်းစသည်တို့ကို စီမံခန့်ခွဲခြင်း၊ သာရေးနာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးခြင်း၊ သာရေးနာရေးမဏ္ဍပ်ဆောက်လုပ်ရာတွင်လည်း လုပ်အားပေးပါဝင်ကူညီပေးပါသည်။

ဘာသာရေးလုပ်ငန်းများအနေဖြင့် လပြည့်လကွယ်၊ အဖိတ်၊ ဥပုဒ်ရက်များတွင် ဘုန်းကြီး ကျောင်းဝေယျာဝစ္စ များပြုလုပ်ပေးခြင်း၊ ဓမ္မာစကြံာရွတ်ဆိုခြင်း၊ ပန်းဆီမီးကပ်လှူခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ကျေးရွာဘာသာရေးပွဲများတွင် လူငယ်များအဖွဲ့လိုက် ပါဝင်ကူညီမှုပြုလုပ် ပေးခြင်း၊ ရေနွေးဝိုင်းဧည့်ခံခြင်း၊ ဘုရားသွားကျောင်းတက်၊ တရားထိုင်ခြင်း များပြုလုပ်ကြပါသည်။

လူငယ်များအားလပ်ချိန်တွင် ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်းခတ်ခြင်းတို့ကစားလေ့ရှိကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများတွင် မြေတူးခြင်း၊ သယ်ယူခြင်းများအား လုပ်အား ပေးအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးအနေဖြင့် နှစ်စဉ်ခနုတိုင်းရင်းသားများ စုံစည်းရာနေ့ (တပေါင်းလပြည့်မတိုင်ခင်အဖိတ်နေ့) တွင် ခနုရိုးရာဝတ်စုံများ တူညီစွာဝတ်ဆင်၍ ညနေ (၄) နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လပြည့်နေ့ မနက် (၈) နာရီတွင်တူညီဝတ်စုံများဝတ်၍ အိုးစည်ဝိုင်းဖြင့် တီးမှုတ်ပြီး အမျိုးသမီးငယ်များက ဆွမ်းတော်ကြီး ဝင်ခြင်းများ ပြုလုပ်ကြပါသည်။ ညနေပိုင်းတွင် ရိုးရာအက၊ သီချင်းများဖြင့် အိုးစည်များတီးမှုတ်၍ ပြိုင်ပွဲဝင်ကြပါသည်။

ကျေးရွာစာကြည့်တိုက်အား ၂၀၁၃ ခုနှစ်ခန့်မှစ၍ ကျေးရွာတွင်း စာဖတ်မှုအားနည်းသောကြောင့် ယခုအခါဖွင့်လှစ်ထားခြင်းမရှိတော့ပါ။ မိန်းကလေးများ ဖုန်းပိုင်ဆိုင်မှုအရေအတွက်နည်းပြီး TV ကြည့်ခြင်းဖြင့်သာ အပန်းဖြေကြပါသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	တယ်လီနောဖုန်းလိုင်း သုံးကြပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များဗဟု သုတမရှိပါ။ လက်လှမ်းမမှီပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိ၊ မီးဘေးကြိုတင်ကာ ကွယ်ရေးလှုံ့ဆော်ခြင်း။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ရဲစခန်းနှင့် (၉)မိုင်ဝေး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ညောင်ကောက်ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ ။ မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမီပြီး လုံခြုံရေးအကူအညီများ ရရှိနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • တူညီသောလူမျိုးစု၊ယုံကြည်မှု၊ ဘာသာကိုးကွယ်မှုရှိခြင်း	• ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေးကြီးဆုံးအချက်ဖြစ်သည့် စည်းလုံး ညီညွတ်မှုကိုအားကောင်းမှုဖြစ်စေပါသည်။
၂။ စိုက်ပျိုးရေး (သီးနှံ) • ရာသီဥတုကောင်း မွန်ခြင်း • နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုး ဖြစ်ထွန်း နိုင်ခြင်း • တန်ဖိုးမြင့်ထုတ် ကုန်များထုတ်လုပ်နိုင်ရန်အလားလာ ကောင်းသောထွက်ကုန်များရှိခြင်း • ဈေးကွက်များရှိ ခြင်း • လမ်းပန်းဆက် သွယ် ရေး ကောင်းမွန် ခြင်း • လုပ်သားအင်အား ပေါများခြင်း	• နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သော သဘာဝအရ ရာသီဥတု ကောင်းမွန်ပါသည်။ • ဒေသမှထွက်သောထွက်ကုန်များစွာမှာ လက်ရှိမှာလည်းတန်ဖိုးမြင့်ထုတ်ကုန်များထုပ်လုပ်နိုင်ပြီးနောက်ထပ်လည်း ထုတ်လုပ်နိုင်ရန်အလားလာကောင်းများရှိပါသည်။ • ၄င်းပစ္စည်းများကို ရောင်းချနိုင်ရန် ဈေးကွက် များ လည်းရှိပြီး ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါသည်။ • ၄င်းပစ္စည်းများထုတ်လုပ်နိုင်ရန် လုပ်သား အင်အားလည်းပေါများပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာ မှလည်း နည်းပညာပိုင်းပံ့ပိုးမှုများ ရှိပါသည်။
၃။ မွေးမြူရေး • ကြက်၊ဝက်များကို စနစ်တကျမွေးမြူရန်စိတ်အားထက်သန်မှုရှိခြင်း • စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နိုင်ရန်တိရိစ္ဆာန်အစာရေစာပေါများခြင်း • မွေးမြူရေးထွက် ကုန်များအတွက် ဈေးကွက်များ ရှိခြင်း	• မွေးမြူရေးလုပ်ငန်းများကိုတွင်ကျယ်စွာပြုလုပ်နိုင်ရန် အဓိကဖြစ်သော တိရိစ္ဆာန်စားကျက်မြေများနှင့်သောက်သုံးရေလုံလောက် စွာရှိပါသည်။ • အလားတူမွေးမြူရေးလုပ်ငန်းမှထုတ်ကုန်များအတွက် ဈေးကွက်ကလည်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	အနီးနားပတ်ဝန်းကျင်တွင်တည်ရှိနေပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများ • အသက်မွေးဝန်းကျောင်းပညာရပ်များကို သင်ယူလိုစိတ်ရှိကြခြင်း • လုပ်သားအင်အားပေါများခြင်း • အသေးစားတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းများ ရှိနေခြင်း • ပန်းရံ၊ လက်သမား လုပ်ကိုင်သူများ သည်အခြားကျေးရွာ များအထိသွား ရောက်လုပ်ကိုင် နိုင်ခြင်း	• အလားလာတစ်ခုမှာ အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း များကိုလည်းလေ့လာသင်ယူလိုစိတ်ရှိ ကြခြင်းဖြစ်ပါသည်။ • အလုပ်လုပ်နိုင်သောအရွယ်များပေါများ ခြင်း • တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင် သော လယ်ယာထွက်ကုန်ကြမ်းများစွာ ရှိနေခြင်း
၅။ ပညာရေး • မူလတန်းနှင့်အလယ်တန်းကျောင်းရှိနေခြင်း • ကျောင်းနေအရွယ် ကလေးငယ်များ ရွာတွင်းမှာ ပင် ပညာသင်ကြားနိုင်ရန်အခွင့်အလမ်း ရှိခြင်း	• ကျေးရွာအနေဖြင့် မိမိရွာတွင်းမှာပင် မူလတန်းနှင့်အလယ်တန်းကျောင်းကို တက်ရောက်နိုင်ခြင်းမှာ အခွင့်အလမ်း ကောင်းတစ်ခုဖြစ်ပါသည်။
၆။ ကျန်းမာရေး၊ သောက်သုံးရေ • ကျေးလက်ဆေးပေးခန်းရှိခြင်း • ဆေးဝါးအလွယ်တကူရရှိနိုင်ခြင်း • ကျန်းမာရေးဌာနနှင့်အလွယ်တကူ ချိတ်ဆက်နိုင်ခြင်း	• ကျေးရွာတစ်ရွာအနေနှင့်မရှိမဖြစ်လို အပ်သော ကျေးလက်ဆေးပေးခန်း တည်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုကို လည်းလုံလောက်စွာရရှိကြပါသည်။
၇။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား • အားကစားမှုပြုလုပ်ခြင်းကို စိတ် အားထက်သန်မှု ရှိခြင်း • နည်းပညာသစ် များကိုသင်ယူလို စိတ်ရှိကြခြင်း	• လူငယ်များအနေဖြင့် အားကစားပြု လုပ်ရခြင်းကို ကျန်းမာရေးအရသာ ပြုလုပ်ခြင်းမျိုးမဟုတ်ပဲ ပင်ကိုအရကို ကစားလိုစိတ်ပြင်းပြကြပြီးအတတ် ပညာအသစ်အဆန်းများကိုသင် ယူလိုစိတ်ပြင်းထန်ကြပါသည်။
၈။ ကျေးရွာတွင်းအခြေခံအဆောက်အဦး • လုပ်အားစိုက် ထုတ်နိုင်ခြင်း • လမ်းတံတားများ ၏အရေးပါမှုကို သိရှိခြင်း	• ကျေးရွာအတွင်းအခြေခံအဆောက် အဦးကဏ္ဍပိုင်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် ၄င်းတို့ ၏လုပ်အားများ စိုက်ထုတ်ရန်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	စိတ်အားထက်သန်ကြပြီး အခြေခံ အဆောက်အဦးပိုင်း အထူးသဖြင့် လမ်းတံတားများ၏ အရေးပါမှုကို လည်း နားလည်သဘောပေါက် ကြပါသည်။
၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး • ကျေးရွာပိုင်သစ် တောများရှိခြင်း • သစ်တောထိန်း သိမ်း ရေးအဖွဲ့ ရှိခြင်း	• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်မှုအပိုင်းတွင် တဖက် တလမ်းကအရေးပါသော ကျေးရွာ ပိုင်စိုက်ခင်းများထူ ထောင်ခြင်းများ ရှိပြီး သက်ဆိုင်ရာ သစ်တောထိန်းသိမ်း ရေးအဖွဲ့အစည်းများလည်းရှိကြပါသည်
၁၀။ ခရီးသွားလာရေး • သဘာဝပတ်ဝန်းကျင်အခြေပြုခရီးသွားလုပ်ငန်း • ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း	• စိတ်ကြည်နူးဖွယ်ကောင်းပြီးသာယာ လှပသော ပုတ်တလုပ်ရေကန်၊ စိတ်ဝင်စားဖွယ်ကောင်း၍ သဘာဝအလျှောက်တည်ရှိနေသောပင်း တယလိုဏ်ဂူများကို အခြေပြု၍ငှင်း၊ သဘာဝတောတောင် သစ်ပင်များကိုအခြေပြု၍ငှင်းသဘာဝ ပတ်ဝန်းကျင်အခြေပြုခရီးသွား လုပ်ငန်းများဖန်တီးနိုင်ပါသည်။ • ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများဖွံ့ ဖြိုး ရန်စိတ်ဝင်စားစရာကောင်းသော ဒေသခံများ၏ ရိုးရာမပျက်နေထိုင်မှုများ လည်းရှိပါသည်။

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • လက်ရှိစီမံအုပ်ချုပ်မှုစနစ်များ (ဒီမိုကရေစီ) ကို နည်းလည်မှုအားနည်းခြင်း	• ကျေးရွာသူကျေးရွာသားများအနေဖြင့် နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များ ကို စိတ်ဝင်စားမှုအားနည်းကြပြီး ပူးပေါင်း ပါဝင်အုပ်ချုပ်သည့်စနစ်

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	များကို အကျွမ်းတဝင်မရှိကြခြင်း။
• နည်းပညာနှင့် ဝန်ဆောင်မှုများ သို့ ကျေးရွာသူရွာသားများ လက်လှမ်းမီရန် လိုအပ်ခြင်း	• ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးအတွက်နည်းပညာဝန်ဆောင်မှုများ (ဥပမာ –နှစ်ရှည်သစ်သီးဝလံများ၊ ဩဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်) • ဒေသရေမြေအနေအထားအရ ကျွဲ၊နွား၊ ဝက် စသည်တို့ကို စီးပွားဖြစ်မွေးမြူနိုင်ပါသည်။ (၄င်းတို့ စီးပွားဖြစ်မွေးမြူနည်းစနစ်များ) • သေသထွက်ကုန်များအား ကုန်ချောထုတ်လုပ်နည်းများ (ဥပမာ – ခရမ်းချဉ်သီးယို၊ မုန်ညှင်းမုံလာအခြေခံစားသောက်ကုန်များ စသည်) • ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုစွမ်းရည်တိုးတက်ရေး အစီအစဉ်များ (ဥပမာ – ဟော်တယ်ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလမ်းညွှန်နှင့် ပို့ဆောင်မှုလုပ်ငန်း စသည်)
• ငွေကြေးဝန်ဆောင်မှုများ သို့ ကျေးရွာသူရွာသားများ လက်လှမ်းမီရန် လိုအပ်ခြင်း	• အထက်ဖော်ပြပါလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရန်အတွက် ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသေးသည်။
• သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှု	• သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်နှင့် ဗဟုသုတများ အားနည်းခြင်းကြောင့် ထင်းခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ ဓာတုပစ္စည်း များအသုံးပြုမှု စသည်တို့ များပြားလျက်ရှိပါသည်။ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားမှုတို့မှာ ကျေးရွာအတွက် ရေရှည်တွင် ထိခိုက်နိုင်မှု ပိုမိုမြင့်မားလာနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
<u>စီမံအုပ်ချုပ်မှုစနစ်</u>					
• ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင်တက်ကြွစွာပူးပေါင်းပါဝင်မှုအားနည်းခြင်း	• ကျေးရွာအုပ်ချုပ်ရေးမှူးကိုသာအားကိုးနေခြင်း • ပူးပေါင်းလုပ်ဆောင်တတ်သောအလေ့အထမရှိခြင်း	• တူညီသောလူမျိုးစု၊ယုံကြည်မှု၊ဘာသာကိုးကွယ်မှုရှိခြင်း • ရိုးသားပွင့်လင်း၍စည်းရုံးလှုံ့ဆော်ရန်လွယ်ကူခြင်း	• လက်ရှိစီမံအုပ်ချုပ်မှုစနစ်များ (ဒီမိုကရေစီ) ကိုနည်းလည်မှုအားနည်းခြင်း	• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း	• အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း
<u>စိုက်ပျိုးရေးကဏ္ဍ</u>					
• ကျေးရွာပိုင်လယ်ယာမြေများ၏အဓိကသွင်းအားစုဖြစ်သည့် ရေရရှိနိုင်မှုနိမ့်ကျခြင်း • မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်မှုအား	• ခေတ်မီစိုက်ပျိုးရေးသုံးစက်ကိရိယာများကိုလုံလောက်အောင်မသုံးစွဲနိုင်ခြင်း • လယ်ယာထွက်ကုန်များကိုတန်ဖိုးမြှင့်	• ရာသီဥတုကောင်းမွန်ခြင်း • နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုး ဖြစ်ထွန်းနိုင်ခြင်း • တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်	• ခေတ်မီလယ်ယာသုံးစက်ပစ္စည်းကိရိယာ ဝယ်ယူနိုင်ရန်ငွေအရင်းအနှီးမရှိခြင်း • သမရိုးကျစိုက်ပျိုးနည်းစနစ်များ	• ပုဂ္ဂလိကလယ်ယာသုံးစက်ကိရိယာရောင်းဝယ်ရေးကုမ္ပဏီများ၊ သမဝါ ယမဦးစီးဌာနများ၊ ကျေးလက်ဦးစီးဌာနများ နှင့် ချိတ်ဆက်၍စိုက်ပျိုးရေးဆိုင်ရာစက်ကိရိ ယာများ ပံ့ပိုး	• တစ်ဘက်ပိတ်ဆည် ၁ ခုတည်ဆောက်ပေးခြင်း • စိုက်ပျိုးရေးသုံးစက်ကိရိယာ (လက်တွန်းထွန်စက် ၂၅ စီး၊ စပါးခွဲလေ့စက် ၂ စီး) • စိုက်ပျိုးရေးအတွက်ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
နည်းခြင်း • ခေတ်မီစိုက်ပျိုးနည်းစနစ်များကို နည်းလည်မှုအား နည်းခြင်း	ထုတ်လုပ်နိုင်အောင် ငွေအရင်းအနှီး မတတ်နိုင်ခြင်း • မြေဆီလွှာထိန်းသိမ်းမှုနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲနိုင်မှုအား နည်းခြင်း	နိုင်ရန်အလားလာကောင်းသော ထွက်ကုန်များရှိခြင်း • ဈေးကွက်များရှိခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း • လုပ်သားအင်အားပေါများခြင်း	ကိုသာလုပ်ကိုင်ကြရန်စိတ်ပါခြင်း • နှစ်ရှည်သီးနှံများအပေါ် ရင်းနှီးမြှုပ်နှံရန်စိတ်အား ထက်သန်မှုအား နည်းခြင်း	ပေးခြင်း။ • ကျေးလက်ဦးစီးဌာန၊ အသေးစားငွေချေးအဖွဲ့အစည်းများ၊ NGO/INGO၊ UNDP တို့နှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး အတွက်ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း • လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍မြေဩဇာများ အားထိန်းသိမ်းနည်း သင်တန်းများပေးခြင်း၊စနစ်တကျစိုက်ပျိုးနည်းသင်တန်းများပေးခြင်း၊ ပျိုး ဥယျာဉ်ထူထောင်ပေးပြီး သင်တန်းများပေးခြင်း။	• ခိုင်းကျွဲ ပံ့ပိုးပေးခြင်း • မျိုးကောင်းမျိုးသန့်နှစ်ရှည်ပင်ဖြန့်ဖြူးပေးခြင်း (မက်မန်း၊စပျစ်) • ပျိုးဥယျာဉ်ထူထောင်ပေးခြင်း • စပါးဘဏ်ထူထောင်ခြင်း • စိုက်ပျိုးရေးသင်တန်းပေးခြင်း • မြေဆီလွှာထိန်းသိမ်းနည်း သင်တန်းပေးခြင်း • ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းသင်တန်းပေးခြင်း
<u>မွေးမြူရေးကဏ္ဍ</u>					
• မွေးမြူရေး လုပ်ငန်း များအား စီးပွားဖြစ် လုပ်ကိုင်လေ့မရှိခြင်း • ကြက်၊ဝက်များကို စနစ်တကျမွေးမြူ	• စီးပွားဖြစ်မွေးမြူနိုင်ရန်အရင်းအနှီး လိုအပ် ခြင်း • မွေးမြူရေးဆိုင်ရာ အသိပညာ အားနည်းခြင်း • တိရိစ္ဆာန်မျိုး	• ကြက်၊ဝက်များကို စနစ်တကျမွေးမြူရန်စိတ်အားထက်သန်မှုရှိခြင်း • စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နိုင်ရန်တိရိစ္ဆာန်အစာ	• စနစ်တကျ မွေးမြူ သည့်နည်းစနစ် မသိရှိခြင်း • တိရိစ္ဆာန်အစာရေစာများကို စနစ်တကျထိန်း	• ကျေးလက်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားငွေချေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးမွေးမြူရေးချေးငွေထောက်ပံ့ပေးခြင်း • တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်၍စနစ်တကျ	• မွေးမြူရေးအတွက်ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း • မွေးမြူရေးသင်တန်းများ ပို့ချပေးခြင်း • ဝက်မျိုးကောင်းမျိုးသန့် ပံ့ပိုးပေးခြင်း • ဥစားကြက်၊အသားတိုး

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
နိုင်မှုအားနည်းခြင်း	ကောင်းမျိုးသန့်များ မသုံးစွဲနိုင်ခြင်း	ရေစာပေါများခြင်း • မွေးမြူရေးထွက်ကုန်များအတွက် ဈေးကွက်များ ရှိခြင်း	သိမ်းမှု အားနည်း ခြင်း	စီးပွားဖြစ်မွေးမြူနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ ကိုသက်ဆိုင်ရာမှ ပံ့ပိုးပေးခြင်း • တိမွေးကုဉီးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့်များနှင့် စံပြမွေးမြူခြင်းလုပ်ငန်းများ စမ်းသပ်ပြုလုပ်ပေးခြင်း	ကြက် စံပြမွေးမြူခြင်း
<u>စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သောလုပ်ငန်းများ</u>					
• ဆောက်လုပ်ရေး (လက်သမား) လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်နိုင်မှု အားနည်းခြင်း • အသေးစားလုပ်ငန်းလေးများ လုပ်ကိုင်နိုင်မှု အားနည်းခြင်း • ဒေသထွက်ကုန်များအပေါ်တန်	• ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို လုံလောက်အောင်မသုံးစွဲနိုင်ခြင်း • ကျပန်းအလုပ်သမားများဖြစ်သောကြောင့် ပစ္စည်းများ ဝယ်ယူရန်မတတ်နိုင်ခြင်း • လယ်ယာလုပ်ငန်းအပြင် အခြား	• အသက်မွေးဝန်းကျောင်းပညာရပ်များကိုသင်ယူလိုစိတ်ရှိကြခြင်း • လုပ်သားအင်အားပေါများခြင်း • အသေးစားတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းများ ရှိနေခြင်း • ပန်းရံ၊လက်သမား	• အဆင့်မြှင့်လက်သမားသုံးပစ္စည်းများကိုဝယ်ယူနိုင်မှုမရှိခြင်း • တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်နိုင်ရန် အရင်းအနှီး လိုအပ်ခြင်း • အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် မကျွမ်းကျင်ခြင်း	• အသေးစားငွေချေးအဖွဲ့အစည်းများ ပြင်ပအဖွဲ့ အစည်း၊ ပုဂ္ဂလိကဘဏ်၊အလှူရှင်များနှင့် ချိတ်ဆက်၍ နှင့်ချိတ်ဆက်၍ လက်သမားသုံးပစ္စည်းများသုံးစွဲ နိုင် အောင်ပံ့ပိုးပေးခြင်း။ • ပုဂ္ဂလိကအဖွဲ့အစည်းများ၊သက်ဆိုင်ရာNGO/INGO များနှင့် ချိတ်ဆက်၍ လက်သမားမွမ်းမံသင်တန်း များပေးခြင်း။ • ဘဏ္ဍာရေးအဖွဲ့အစည်းများ၊	• လက်သမားသုံးစက်ပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်း • လက်သမားလုပ်ငန်းပိုင်းဆိုင်ရာသင်တန်းပို့ချပေးခြင်း • စက်ချုပ်သင်တန်းပို့ချပေးခြင်း • စက်ပစ္စည်းများပြုပြင်နည်းသင်တန်းပို့ချပေးခြင်း • အသေးစားလုပ်ငန်းများထူထောင်နည်းသင်တန်းပို့ချပေးခြင်း

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
ဖိုးမြင့်ထုတ်လုပ်နိုင်သောလုပ်ငန်းလေးများလုပ်ကိုင်နိုင်မှုအားနည်း ခြင်း • အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်နိုင်မှုနည်းခြင်း	အသက်မွေးဝမ်းကျောင်းသင်တန်းများကိုဆည်းပူးနိုင်မှုအားနည်းခြင်း • တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်နည်းပညာမသိခြင်း	လုပ်ကိုင်သူများသည်အခြားကျေးရွာ များအထိသွားရောက်လုပ်ကိုင်နိုင်ခြင်း။		အသေးစားငွေချေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနည်းပညာအကူ အညီအထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍လယ်ယာမဟုတ်သောလုပ် ငန်းများ၏ထုတ်လုပ်နိုင်စွမ်းအားမြင့်မား လာစေရန် ငွေကြေး အရင်းအ နှီးများပံ့ပိုးပေးခြင်း • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ပြီး သက်ဆိုင်ရာနည်းပညာသင် တန်းများပို့ချပေးသော အဖွဲ့အစည်းများအကူအညီဖြင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း။	• သစ်သီးယိုစုံထုတ်လုပ်နည်းသင်တန်းပို့ချပေးခြင်း
<u>ကျန်းမာရေးကဏ္ဍ</u>					
• ဝမ်းပျက်ဝမ်းလျောရောဂါများဖြစ်လေ့ရှိ ခြင်း • ကျန်းမာရေးဆေးပေးခန်း၏ဝန်	• စိမ့်စမ်းရေသောက်သုံးနေရခြင်း • ယင်လုံအိမ်သာသုံးပစ္စည်းများလုံလောက်စွာမသုံးစွဲ	• ကျေးလက်ဆေးပေးခန်းရှိခြင်း • ဆေးဝါးအလွယ်တကူရရှိနိုင်ခြင်း • ကျန်းမာရေး	• ကျန်းမာရေး ဗဟုသုတမရှိခြင်း • တကိုယ်ရေ ကျန်းမာရေး စောင့်ရှောက်မှုအား	• ကျန်းမာရေးဦးစီးဌာန၊ UNDP အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ယင်လုံအိမ်သာသုံးခွက်၊ပိုက်များပံ့ပိုးပေးခြင်း • ကျန်းမာရေးဦးစီးဌာန၊UNDP	• ယင်လုံအိမ်သာများအတွက်ခွက်၊ပိုက်များပံ့ပိုးပေးခြင်း • ဆေးခန်းပရိဘောဂများပံ့ပိုးပေးခြင်း

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
ဆောင်နိုင်မှုအား နည်းခြင်း	နိုင် ခြင်း • ဆေးခန်းပရိဘောဂ မပြည့်စုံခြင်း • ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ အသိပညာ နည်းပါး ခြင်း	ဌာနနှင့်အလွယ် တကူ ချိတ် ဆက် နိုင်ခြင်း	နည်းခြင်း • ကျန်းမာရေးဆေး ပေးခန်းမှ ဝန်ဆောင်မှု အပြည့်အဝ မပေးနိုင်ခြင်း	အဖွဲ့အစည်းများ၊ အလှူရှင်များ နှင့် ချိတ်ဆက်၍ ဆေးခန်း ပရိဘောဂ များပံ့ပိုး ပေးခြင်း။ • ကျန်းမာရေးဦးစီးဌာနအကူအ ညီဖြင့်ကျန်းမာရေးဆိုင်ရာသင် တန်းများပေး ခြင်း။	
<u>ပညာရေးကဏ္ဍ</u>					
• စာသင်ကျောင်း ဆောင်မလုံလောက် ခြင်း • စာသင်ကြားသော ဆရာ/ဆရာမနေ ထိုင်ရေးအဆင်မ ပြေခြင်း • ကျောင်းသုံး ပရိဘောဂ မလုံ လောက်ခြင်းနှင့် ကျောင်းပရဝုဏ် မလုံခြုံခြင်း • စာသင်ကျောင်း အိမ်သာ	• တိုးပွားလာသော ကျောင်းသားဦးရေ အတွက်စာသင် ကျောင်းဆောင် မလုံလောက်ခြင်း • ကျောင်းသားဦးရေ နှင့်အိမ်သာအသုံး ပြုနိုင်မှုမမျှတခြင်း • ကျောင်းခြံစည်းရိုး မရှိခြင်း	• မူလတန်းနှင့်အ လယ်တန်းကျောင် းရှိနေခြင်း • ကျောင်းနေအရွယ် ကလေးငယ်များ ရွာတွင်းမှာပင် ပညာသင်ကြားနိုင် ရန်အခွင့်အလမ်း ရှိခြင်း	• စာသင် ကျောင်းဝင်း အတွင်းကွဲ၊ နွားများ ဝင်ရောက်ခြင်း • တာဝန်ကျ ဆရာမ များအတွက် အိမ်ယာမလုံ လောက်ခြင်း • ကျောင်းဆောင် သစ်တိုးချဲ့ဆောက် လုပ်ရန် မစွမ်း ဆောင်နိုင်ခြင်း	• ပညာရေးဦးစီးဌာန၊ UNDP အဖွဲ့အစည်းများ၊ စုပေါင်း ရံပုံငွေများဖြင့် ကျောင်းဆောင် သစ်တိုးချဲ့ ဆောက်လုပ် ပေးခြင်း • ပညာရေးဦးစီးဌာန၊ UNDP အဖွဲ့အစည်းများ၊ အလှူရှင်များ နှင့် ချိတ်ဆက်၍ ကျောင်း ပရိ ဘောဂနှင့် စာကြည့်တိုက် ပရိဘောဂများ ထောက်ပံ့ပေး ခြင်း • မိဘဆရာ အသင်း အဖွဲ့များပူးပေါင်း၍ ပညာရေးနှင့်ပတ် သက်သော	• စာသင်ကျောင်းဆောင်တိုး ချဲ့ဆောက်လုပ် ပေးခြင်း • ကျောင်းဝန်ထမ်းအိမ်ရာ(၃) လုံး ဆောက်လုပ်ပေးခြင်း • ကျောင်းအိမ်သာ(၂)လုံး ဆောက် လုပ်ပေးခြင်း • ကျောင်းသောက်ရေကန် တည်ဆောက်ပေးခြင်း • ကျောင်းခြံစည်းရိုးကာရံပေး ခြင်း • ကျောင်းတွင်းပရိဘောဂများ ဖြည့်စည်းပေးခြင်း • ကျောင်းစာကြည့်တိုက် ဆောက်လုပ်ပေးခြင်း

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
မလုံလောက် ခြင်း				အခက် အခဲများဆွေးနွေး၍ ရံပုံငွေ ထူထောင်ခြင်း စုပေါင်း ရံပုံငွေများဖြင့် အိမ်သာဆောက် လုပ်ပေးခြင်း၊ ကျောင်းခြံစည်း ရိုးကာပေးခြင်း • မိဘဆရာအသင်း အဖွဲ့များ ပူးပေါင်း၍ ပညာရေးဦးစီး ဌာနနှင့်ချိတ် ဆက်ပြီး ကျောင်းဆရာ/ဆရာမ များအတွက် နေရာထိုင်ခင်း စီစဉ်ပေးခြင်း	
<u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u>					
• အသိပညာဗဟုသု တအားနည်းခြင်း • စာဖတ်အားနည်း ခြင်း • ကစားရန်နေရာများ အကန့်အသတ် ရှိခြင်း	• ပညာရေးတွင်စိတ် ဝင်စားမှုအားနည်း ခြင်း • စာပေလေ့လာဖတ် ရှုရန်အရင်းအမြစ် မရှိခြင်း • အားကစားပြုလုပ် ရန်နေရာစနစ်တ ကျမရှိခြင်း	• အားကစားမှုပြု လုပ်ခြင်းကို စိတ် အားထက်သန်မှု ရှိခြင်း • နည်းပညာသစ် များကိုသင်ယူလို စိတ်ရှိကြခြင်း	• စာဖတ်ခြင်း အလေ့အကျင့်မရှိ ခြင်း • အားကစားမှုပြု လုပ်ရန်အချိန်ရှား ပါးခြင်း	• သက်ဆိုင်ရာNGO/INGO များနှင့်ချိတ်ဆက်၍ လူငယ် များအတွက်အသိပညာ အတတ်ပညာသင်တန်းများပို့ ချပေးခြင်း • ကျေးရွာရံပုံငွေ၊ အလှူရှင်များ ၏ထည့်ဝင်မှုများ ဖြင့် စာကြည့်တိုက်နှင့်ကစားကွင်း များတည်ဆောက်ပေးခြင်း	• လူငယ်များအတွက် ဘဝတ သက်တာကျွမ်းကျင်မှု သင် တန်းများပို့ချပေးခြင်း • ရွာစာကြည့်တိုက်တည် ဆောက်ပေးခြင်း • အားကစားကွင်းတိုးချဲ့တည် ဆောက်ပေးခြင်း
<u>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး</u>					

ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြစ်နိုင်ခြေရှိဖြေရှင်းချက်	အဆိုပြုလုပ်ငန်း
• သဘာဝဘေး အန္တရာယ်များဘ အတွက် ကြိုတင် ပြင်ဆင် မှုမှုရှိခြင်း • သစ်တောပြုန်းတီး မှုအနည်းငယ်ဖြစ် လာခြင်း	• သစ်ပင်သစ်တော များ၏ အရေးပါ မှုကိုနည်းလည်မှု အားနည်းခြင်း • ရေရှည်မှာဖြစ်ပေါ် လာနိုင်သည့်သဘာ ဝဘေးအန္တရာယ် များ ကိုမသိရှိကြ ခြင်း	• ကျေးရွာပိုင်သစ် တောများရှိခြင်း • သစ်တောထိန်း သိမ်းရေးအဖွဲ့ ရှိခြင်း	• သစ်ပင်သစ်တော များကိုအမှီပြုနေ ထိုင်ရမှုကများ ပြားခြင်း။ • ရေရှည်အတွက် သစ်တောထိန်း သိမ်းရန်အသိ ပညာ အားနည်း ခြင်း	• သစ်တောရေးရာဦးစီးဌာနနှင့် ချိတ်ဆက်၍သစ်တောများ ဖြည့်စိုက်ခြင်း။ • သစ်တောရေးရာဦးစီးဌာန၊ သက်ဆိုင်ရာ NGO/INGO များနှင့် ချိတ်ဆက်၍ သဘာဝ ဘေးအန္တရာယ်ကာ ကွယ်နည်း သင်တန်းများပေးခြင်း။	• ကျေးရွာပိုင်စိုက်ခင်းတွင် သစ်ပင် (၃၀၀၀) ဖြည့်စွက် စိုက်ပျိုးနိုင်ရန် ပံ့ပိုးပေးခြင်း • သဘာဝဘေးအန္တရာယ်ကြို တင်ကာကွယ်နည်းသင် တန်း ပို့ချပေးခြင်း။
<u>အဆောက်အဦးကဏ္ဍ</u>					
• ကျေးရွာအတွင်း၌ မဟာဓါတ်အား လိုင်းမရှိခြင်း။ • မိုးတွင်း၌ ကုန် ထုတ် လမ်းများ သွားလာရခက်ခဲ ခြင်း။ • မိုးတွင်း၌အခြား ကျေးရွာများမှ ကလေးများ ကျောင်း တက်ရာ တွင် ခက်ခဲခြင်း	• မဟာဓါတ်အား လိုင်းမှလျှပ်စစ်မီး သွယ်တန်းနိုင်ရန် မတတ်နိုင်ခြင်း။ • လမ်းတွင်ရေလွှမ်း ခြင်း • ရေထွက်ပေါက်များ ကိုစနစ်တကျ ပြုလုပ်ထားမှု မရှိခြင်း	• မဟာဓါတ်အား လိုင်းနှင့် ၂ မိုင် ခန့်သာဝေး ကွာခြင်း။ • လုပ်အားစိုက် ထုတ်နိုင်ခြင်း • လမ်းတံတားများ ၏အရေးပါမှုကို သိရှိခြင်း	• လျှပ်စစ်မီးသွယ် တန်းရန် အရင်း အနှီးကြီးမားခြင်း • လမ်းပန်းဆက် သွယ်ရေးအဆင် ပြေစေရန်အသေး စားစီမံကိန်းများ ကို ကိုယ့်အား ကိုယ်ကိုး၍ စီမံနိုင်မှုအား နည်းခြင်း	• လျှပ်စစ်ဦးစီးဌာနကို ချိတ်ဆက် ပြီးအိမ်ထောင်စုများကို မီးသွယ် တန်းနိုင်အောင်အဆိုပြုလွှာ တင်ခြင်း • ကျေးလက်ဦးစီးဌာန၊ လမ်းတံတားဦးစီးဌာန တို့နှင့်ချိတ်ဆက်ပြီးကျေးရွာ ချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း • ကျေးလက်ဦးစီးဌာနနှင့်ချိတ် ဆက်ပြီး ရေပိုက်လမ်းများလုပ် ပေးခြင်း	• လျှပ်စစ်မီးသွယ်တန်းပေး ခြင်း • ရွာလယ်လမ်းပြုပြင်ခြင်း

အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• .....(ငွေသား) • .....(ငွေသား) • .....(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ